မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၂၉)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ သံလွင်တံတား(မော်လမြိုင်)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တိုင်းရင်းသား အားလုံး၏ စည်းလုံးညီညွတ်မှု သင်္ကေတအဖြစ် ခိုင်ခိုင်မြဲမြဲ တည်ရှိခဲ့

ပြည်ထောင်စုတိုင်းရင်းသားများသည် သမိုင်းစဉ်တစ်လျှောက် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြကာ ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မာမာဖြင့် ပူးပေါင်းနေထိုင်ကြပြီး ပြည်ထောင်စုအပေါ်ကျရောက်ခဲ့သော ဘေးရန်အန္တရာယ်ဟူသမျှကို စုစည်းညီညွတ်စွာဖြင့် တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ကြသည့် သမိုင်းအစဉ်အလာကောင်းကို ထူထောင်နိုင်ခဲ့ကြပါသည်။ ထိုသမိုင်းအစဉ်အလာကောင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု သင်္ကေတအဖြစ် ရာစုနှစ်များစွာ ခိုင်ခိုင်မြဲမြဲ တည်ရှိခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၃)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

ပြည်ထောင်စုကြီး ဖွံ့ဖြိုးလာစေရေး

- ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးလာစေရေးဆိုသည့် ရည်မှန်းချက်၊ စေတနာတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်နေ။
- နိုင်ငံသားတစ်ဦးအနေဖြင့် မိမိဒေသအတွင်းရှိ ပြည်သူ့အကျိုးပြု ဒေသအကျိုးပြု ဤတံတားကြီးအပါအဝင် နိုင်ငံပိုင်ပစ္စည်းများကို ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင်ပစ္စည်းကဲ့သို့ သဘောထား၍ အဖျက်အဆီးမခံရအောင်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြန်မာနိုင်ငံ၌အရှည်ဆုံးနှင့်အကြီးဆုံး သံလွင်တံတား(မော်လမြိုင်)ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ၁၇၉စင်းမြောက် တံတားအဖြစ် ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်တွင်ကျရောက်မည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့်အကြီးဆုံးတံတားကြီးဖြစ်သော သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)ကို ယနေ့နံနက်ပိုင်းတွင် စည်ကားခမ်းနားစွာဖြင့် အောင်မြင်စွာဖွင့်လှစ်လိုက်ပြီဖြစ်သည်။ **ကျောဖုံးသို့**

နိုင်ငံတော်ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေး တိုင်းရင်းသားပြည်သူအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပညာအရည်အချင်းရှိသူများ၊ အတွေ့အကြုံရင့်ကျက်သူများ ဖြစ်ကြသည်။ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်အစုအဖွဲ့တွင်လည်း တိုင်းရင်းသားများ စုံစုံလင်လင် ပါဝင်လျက်ရှိပြီး ယင်းအစုအဖွဲ့တွင်ပါဝင်သည့် ညီလာခံကိုယ်စားလှယ် ၆၃၃ ဦးသည် ပြည်နယ်နှင့်တိုင်း အသီးသီးကို ကိုယ်စားပြုသည့် မြို့နယ်စုံမှကိုယ်စားလှယ်များဖြစ်သည့်အပြင် ဒေသတွင်းအများက လေးစားခြင်းခံရသော ကိုယ်စားလှယ်များဖြစ်ကြသည်။

လာမည့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပမည်ဖြစ်ရာ ညီလာခံ ကိုယ်စားလှယ်ကြီးများအား ဖေဖော်ဝါရီလ ၁၅ ရက်နေ့အရောက် ဖိတ်ခေါ်ထားပြီးဖြစ်သည်။ ရောက်ရှိလာမည့် ကိုယ်စားလှယ်အားလုံး စနစ်တကျ ကြိုဆိုနေရာချထားနေထိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီက အစီအမံများ ကြိုတင်ဆောင်ရွက်လျက် ရှိသည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၀၅)ကို ဖေဖော်ဝါရီလ ၄ရက်နေ့က ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားရာ၌–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသို့ တင်ပြရန်ရှိသည့်ကိစ္စများကို ပြည့်စုံအောင်ပြုစုထားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့နှင့် စပ်လျဉ်းသည့် အရေးကြီးသော အပိုင်းကို ဆွေးနွေးညှိနှိုင်းနေခြင်းဖြစ်၍ အမှားအယွင်းကင်းအောင် စေ့စပ်သေချာစွာ ဆောင်ရွက်ကြရန် လိုကြောင်း"

ပြောကြားသွားသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ရယူပြီးနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး ဟူသော ဦးတည်ချက်များဖြင့် ကျင်းပခဲ့သည်။

အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်မှသာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်လာမည် ဖြစ်သည်။ ယင်းသို့ ဖြစ်ပေါ်လာရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပေသည်။ သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာမည် ဖြစ်ပေသည်။

အထူးသဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် အရေးအကြီးဆုံးလုပ်ငန်းဖြစ်သည့် အမျိုးသားညီလာခံကြီး ကျင်းပနေခြင်းကို ပျက်စီးအောင် မသမာသူများက ဆိုးညစ်သည့်အကြံအစည်ဖြင့် သွေးထိုးလှုံ့ဆော်မှုများ၊ အဖျက်လုပ်ရပ်များ ပြုလုပ်လျက်ရှိသဖြင့် လုံခြုံရေးသတိ၊ အမျိုးသားရေးအသိဖြင့် ဖိဖိစီးစီးဂရုတစိုက် ဟန့်တားကာကွယ် တားဆီးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် အမျိုးသားရေးအနှစ်သာရ အပြည့်အဝဖြင့် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်စေရေး တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မူးယစ်ဆေးဝါး ပူးပေါင်းဆန့်ကျင်ရေးဗျူရို ကုလသမဂ္ဂက ယူအေအီးတွင် ထူထောင်ရန်စီစဉ်

အဘူဒါဘီ ဖေဖော်ဝါရီ ၄

ကုလသမဂ္ဂသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)ဒေသတွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကြိုးပမ်းမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ဗျူရိုတစ်ခု ထူထောင်ရန်စီစဉ်ထားသည်ဟု ကုလသမဂ္ဂ အထက်တန်း အရာရှိတစ်ဦးက ထုတ်ပြန်ကြေညာကြောင်း ချာလီတိုင်းမ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု ထိန်းချုပ်ဟန့်တားရန်အတွက် ပင်လယ်ကွေ့နိုင်ငံများအကြား လုံခြုံရေး ပူးပေါင်းမှုဖြင့် ဖွဲ့စည်းထားမည့် ယူအေအီးရှိ ကုလမဂ္ဂဒေသခံဗျူရိုကို မကြာမီ တည်ထောင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် အန်တိုနီမာရီယာ ကော့စတာ၏ ပြောကြားချက်ကို အဆိုပါသတင်းစာက ကိုးကားဖော်ပြသည်။

ယူအေအီးကို ဗျူရိုအိမ်ရှင်နိုင်ငံအဖြစ် ရွေးချယ်ထားကြောင်း၊ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သည့်နှစ်အနည်းငယ်က နိုင်ငံတွင် မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးဖမ်းဆီးမှု ဆောင်ရွက်ရာတွင် အရေးပါသည့် အောင်မြင်မှုများ ရှိခဲ့၍ဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိက ပြောကြားသည်။

ဗျူရိုသည် လေဆိပ်ထောက်လှမ်းရေး လုပ်ထုံးလုပ်နည်းများ ပေါင်းစည်း၍ ရှာဖွေမည်ဖြစ်သကဲ့သို့ ကုန်သေတ္တာများကိုလည်း စစ်ဆေးရှာဖွေမည်ဖြစ်ကြောင်း၊ ငွေမည်းမှ ငွေဖြူပြုလုပ်ခြင်းအား တိုက်ဖျက်ကြိုးပမ်းမှုကိုလည်း အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော့စတာက ပြောကြားသည်။ မှုခင်းထိန်းချုပ်ဟန့်တားမည့် နိုင်ငံတကာ မဟာမိတ်အဖွဲ့အစည်းများ၊ မသင်္ကာမှုများအား ဖမ်းဆီးမှုများ၊ သတင်းဖလှယ်မှုများနှင့် လုံခြုံရေးအေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှုခြေလှမ်းများသည် နိုင်ငံတကာဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပေါ်စေသည့် မူးယစ်ဆေးဝါး မှောင်ခိုမှုကို တိုက်ဖျက်ရန်လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂအရာရှိက ကောက်ချက်ချပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

အာရှဒေသ ဂြိုဟ်တုရုပ်မြင်သံကြား ထုတ်လွှင့်မှု တရုတ်နိုင်ငံ၌ အစီအစဉ်များ တိုးချဲ့ထုတ်လွှင့်

ပေကျင်း ဖေဖော်ဝါရီ ၃

တရုတ်နိုင်ငံသည် အာရှဒေသတွင် ၎င်း၏ ဂြိုဟ်တုရုပ်မြင်သံကြား ဝန်ဆောင်မှုကို အင်္ဂါနေ့က အစီအစဉ်တိုးမြှင့်ထုတ်လွှင့်ခဲ့သည်။ ယင်းကဲ့သို့ တိုးမြှင့်ထုတ်လွှင့်မှုသည် တရုတ်ဘာသာစကားအစီအစဉ်များနှင့် ဒေသတွင်း အင်္ဂလိပ်စကားပြော တွင်ကျယ်လာစေရေးအတွက် ထုတ်လွှင့်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံတကာဆိုင်ရာ တီဗွီကော်ပိုရေးရှင်း ဥက္ကဋ္ဌ လီဂျီယန်က ပြောကြားသည်။

ဂရိတ်ဝေါလ် တီဗွီထုတ်လွှင့်မှုသည် ထူးခြားသော ချန်နယ် ၁၁ ခုရှိရာ စီစီတီဗွီ ၄၊ စီစီတီဗွီ ၉၊ စီစီတီဗွီ တရုတ်အော်ပရာချန်နယ်၊ ပေကျင်းတီဗွီ၊ ရှန်ဟိုင်းတီဗွီတို့သည် အင်္ဂလိပ်ဘာသာပြန် ထုတ်လွှင့်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

သံတန်ချိန် သုံးသိန်းကျော် ရှန်စီပြည်နယ် ထုတ်လုပ်ခဲ့

တိုင်ယွမ် ဖေဖော်ဝါရီ ၄

တရုတ်နိုင်ငံ ရှန်စီပြည်နယ်ရှိ တိုင်ကူခရိုင်မှ တရုတ်နိုင်ငံ၏ အကြီးမားဆုံး သံထုတ်လုပ်ရေးစခန်းသည် ပြီးခဲ့သည့်နှစ်၌ အမေရိကန်ဒေါ်လာ ၃၁သန်းဖိုး သံများတင်ပို့ရောင်းချခဲ့သည်။

တရုတ်နိုင်ငံ၏ မြောက်ပိုင်း ရှန်စီ ပြည်နယ်တွင်ရှိသောတိုင်ကူခရိုင်၌ သံထုတ်လုပ်ရေးကုမ္ပဏီ ၁၂၆ခုရှိပြီး ၂၀၀၄ခုနှစ်အတွင်း၌ သံတန်ချိန် ၃၀၀၀၀၀ကျော်ထုတ်လုပ်ခဲ့ရာ တရုတ်နိုင်ငံ၏ စုစုပေါင်း သံထုတ်လုပ်မှု၏ လေးပုံတစ်ပုံမျှ ဖြစ်သည်ဟု ဒေသအုပ်ချုပ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိပ်ရာဝင်ချိန်၌ အိပ်မပျော်သူများ ငြိမ့်ညောင်းသော တေးဂီတ နားထောင်ခြင်းသည် အိပ်ပျော်ရန် အကောင်းဆုံးနည်းလမ်းဖြစ်

လန်ဒန် ဖေဖော်ဝါရီ ၃

အိပ်မပျော်ခြင်းဒုက္ခကို ခံစားနေရပါသလား၊ ယင်းအတွက် အိပ်ပျော်အောင် ကိန်းဂဏန်းများ ရေတွက်စရာမလိုပါ၊ သို့မဟုတ် ကိုကိုးတစ်ခွက်ကို သောက်စရာမလိုပါ၊ အိပ်ရာဝင်ချိန်တွင် တေးဂီတ နားထောင်ခြင်းသည် အိပ်ပျော်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ကြောင်း သုတေသနပညာရှင်များက လန်ဒန်မြို့တွင် ပြောကြားခဲ့သည်။

ကျန်းမာရေးပြုစုမှု တိုးတက်ရေးဆိုင်ရာ ဂျာနယ်တစ်ခုတွင် အထက်ပါအတိုင်း ဖော်ပြထားပြီး တီဇူချီတက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ခု၏ ပြောကြားချက်အရ အိပ်မပျော်သည့် ဝေဒနာရှင်များဖြစ်သော အသက် (၆၀)မှ (၈၀)အကြားရှိ လူ ၆၀ကို လေ့လာခဲ့ပြီးနောက် ယခုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

နားထောင်စေခဲ့

ယင်းတို့ကို သုတေသနပြု လေ့လာရာတွင် အိပ်မပျော်သူလူတစ်ဝက်ကို ညအိပ်ရာဝင်ချိန်တွင် တေးဂီတကို နားထောင်စေပြီး ကျန်တစ်ဝက်ကို မည်သည့် အကူအညီဖေးမမှုမပြုဘဲ အိပ်ခိုင်းစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့လေ့လာသုတေသနပြုမှုအရ အိပ်ရာဝင်ချိန်တွင် ငြိမ့်ညောင်းသာယာသော တေးဂီတ နားထောင်သူများသည် ရုပ်ပိုင်းဆိုင်ရာ သွေးလေ လည်ပတ်မှု ပြောင်းလဲစေပြီး ကောင်းမွန်စွာ အိပ်ပျော်ရန် အထောက်အကူပေးသကဲ့သို့ နှလုံးခုန်မှုနှင့်အသက်ရှူမှုနှုန်း တဖြည်းဖြည်းလျော့နည်းသွားစေကြောင်း အဆိုပါ သုတေသနပြုသူများအဖွဲ့က တွေ့ရှိခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

အင်အားနှစ်ရပ်ဖြင့် အခက်အခဲမှန်သမျှကျော်လွှား

- ❐ မည်သို့သော အခက်အခဲမျိုးကို ကြုံတွေ့သည်ဖြစ်စေ တိုင်းပြည်၌ စည်းလုံးညီညွတ်မှု အင်အား၊ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အင်အားတို့ ခိုင်မာစွာရှိနေရန် အရေးကြီး၊
- ❐ ယင်းအင်အား နှစ်ရပ်ဖြင့်ပင် ကြုံတွေ့ရသော အခက်အခဲမှန်သမျှကို မိမိတို့ ကျော်လွှားနိုင်၊
- ❐ ဤတံတားကြီးကို အောင်မြင်ပြီးမြောက်စွာ တည်ဆောက်နိုင်သည်မှာ အခြေခံ အားဖြင့် ယင်းအင်အားနှစ်ရပ်ကြောင့်ပင်ဖြစ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီး သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုအား နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)



✻ *ကျောဖုံးမှ*

တစ်ခဲနက်တက်ရောက်

သံလွင်တံတား(မော်လမြိုင်)ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တံတားကြီးကို တာဝန်ယူ တည်ဆောက်ခဲ့သည့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ သူနာပြုများ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဘင်ခရာ ပန်းဖွားအကအဖွဲ့များ စုစုပေါင်း အင်အား၂၅၀၀၀ကျော် တစ်ခဲနက် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးလှဝင်းက ဆောင်ရွက်သည်။

အထူးအရေးပါသည့်တံတားကြီး

အစီအစဉ်အရ သံလွင်တံတား (မော်လမြိုင်) ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကျင်းပသည့် ယနေ့တံတားဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားခွင့်ရသည့်အတွက် နိုင်ငံသားတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်တစ်ယောက်အနေဖြင့် သော်လည်းကောင်း အထူးပင် ဂုဏ်ယူပီတိဖြစ်ရပါကြောင်း၊ အကြောင်းမှာ ဤသံလွင်တံတား(မော်လမြိုင်)သည် မြန်မာနိုင်ငံ၌ အရှည်ဆုံးတံတားကြီးဖြစ်ပြီး မော်တော်ကားလမ်းအနေဖြင့် နှစ်မိုင်ကျော်၊ ရထားလမ်းအနေဖြင့် လေးမိုင်ကျော် ရှည်လျား၍ လူသွားလမ်းများပါ ထည့်သွင်းတည်ဆောက်ထားသည့် တံတားကြီးဖြစ်ခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးများအတွက် အထူးအရေးပါသည့် တံတားကြီးတစ်ခုလည်း ဖြစ်ကြောင်း။

ဤကဲ့သို့ ကြီးမားရှည်လျားသည့်တံတားကြီးကို တည်ဆောက်ထားသည့် နေရာသည်လည်း သံလွင်မြစ်၊ ဂျိုင်းမြစ်နှင့်အတ္ထရံမြစ် ဆုံစည်းရာ ဒေသဖြစ်သည့်အတွက် ရေစီးသန်ပြီးမြစ်ပြင်ကကျယ်ကြောင်း၊ နက်ရှိုင်းပြီး ဝဲဂယက်ထူပြောသည့် နေရာလည်း ဖြစ်ကြောင်း၊ ဤအနေအထားမျိုးတွင် တံတားတည်ဆောက်ရသည့် ဆောက်လုပ်ရေး အင်ဂျင်နီယာအတတ်ပညာရှင်များသည် တံတားတည်ဆောက်ရေးလုပ်ငန်းကို ပြီးစီးအောင်မြင်အောင် ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား ကြံစည်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ သာမန် လုံ့လဝီရိယအားထုတ်မှု၊ သာမန်စိတ်ဓာတ် အင်အားမျိုး၊ သာမန်လုပ်ရိုး လုပ်စဉ်မျိုးနှင့် ဤကဲ့သို့တံတားမျိုးကို တည်ဆောက်၍ မဖြစ်နိုင်ဘူးဆိုတာ သိသာထင်ရှားပါကြောင်း၊ ထို့ကြောင့် ဤတံတားကြီး အောင်မြင်စွာ တည်ဆောက်နိုင်ခြင်းသည် မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းအားနှင့် စိတ်ဓာတ် မြင့်မားမှုကို ဖော်ညွှန်းထုတ်ဖော်ရာ ရောက်ကြောင်း၊ ထို့ကြောင့် ဤတံတားကြီးသည် တစ်မျိုးသားလုံးအနေဖြင့် အမျိုးသားရေးအရ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝင့်ကြွားရမည့် တံတားကြီးဖြစ်ပါကြောင်း၊ ထို့အပြင် မွန်ပြည်နယ် မော်လမြိုင်မြို့အတွက် ကျက်သရေဆောင် တံတားကြီးလည်းဖြစ်ကြောင်း။

ဂုဏ်ယူစရာကောင်း

ထို့ကြောင့် ဤကဲ့သို့ ဝိသေသအားဖြင့် ထူးခြားသောတံတားကြီးဖွင့်လှစ်သည့် အခမ်းအနားတွင်ပြည်သူများနှင့်အတူ တက်ရောက်နိုင်ပြီး စကားပြောကြားခွင့်ရရှိခြင်းသည် အလွန်ဝမ်းသာဂုဏ်ယူစရာကောင်းကြောင်း မိမိထုတ်ဖော်တင်ပြပြောကြားရခြင်းဖြစ်ကြောင်း။

မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် တည်ဆောက်ခဲ့သည့် တံတားများအနက် ပေ ၁၈၀ အထက် တံတားကြီးစာရင်းဝင် တံတားပေါင်းသည် ယခု မော်လမြိုင်တံတားကြီး အပါအဝင် တံတားပေါင်း၁၉၄ စင်းရှိပြီ ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက တံတားပေါင်း ၁၇၉ စင်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက ခုနစ်စင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ခုနစ်စင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တစ်စင်း အသီးသီး တည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းကို ထပ်မံဆက်သွယ်ပေးမည့် စစ်တောင်းတံတားသစ်အပါအဝင် နိုင်ငံအနှံ့လိုအပ်သည့် နေရာများ၌ စေတနာရှိရှိ အစီအစဉ်ချမှတ်ကာ တံတားကြီး၊ တံတားငယ်များကိုလည်း ဆက်လက်တည်ဆောက်ပေးနေသည်လည်းရှိကြောင်း။

တံတားကြီး ၁၄ စင်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ အားပေးမှုတို့ကြောင့် ယနေ့ ဆိုလျှင် သံလွင်မြစ်ကူးတံတားသစ်များအဖြစ် ယခုမော်လမြိုင် တံတားအပြင် ကရင်ပြည်နယ်၌ ဘားအံတံတား၊ ရှမ်းပြည်နယ်၌ တာဆန်းတံတား၊ တာကော်အက်တံတား စုစုပေါင်း သံလွင်မြစ်ကူးတံတားသစ်လေးစင်း၊ ဧရာဝတီမြစ်ကူးတံတားကြီးများအဖြစ် နဝဒေး(ပြည်)တံတား၊ ဗလမင်းထင် (မြစ်ကြီးနား) တံတား၊ ဧရာဝတီတိုင်းအတွင်း၌ ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတား၊ ဒေးဒရဲတံတား၊ မကွေးတိုင်း၌ အနော်ရထာ(ချောက်)တံတား၊ မကွေးတံတား စုစုပေါင်းဧရာဝတီတံတား ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားသစ်များအဖြစ် ဆင်ဖြူရှင်တံတားနှင့် မုံရွာတံတား စုစုပေါင်း ချင်းတွင်းတံတားသစ်နှစ်စင်း၊ စစ်တောင်းမြစ်ကူး ရွှေကျင်-မဒေါက်တံတားစသည့် အဓိကမြစ်များကူးသော တံတားကြီး စုစုပေါင်း ၁၄ စင်းကိုလည်း အသစ်တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ မြစ်ကူးချောင်းကူးတံတားကြီး၊ တံတားလတ်၊ တံတားငယ်အားလုံးကို တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး သွားလာမှုလွယ်ကူပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးဆိုသည့် ဖြူစင်သော စေတနာအရင်းခံဖြင့် အစီအစဉ်ရှိရှိ တည်ဆောက်နေခြင်းဖြစ်ကြောင်း။

အောင်မြင်မှုကြီး

ဤတံတားကြီး မတည်ဆောက်နိုင်သေးမီအချိန်ကဆိုလျှင် ရန်ကုန်-သထုံဘက်မှဖြစ်စေ၊ ရေး-မော်လမြိုင်ဘက်မှဖြစ်စေ ခရီးသွားကြသူများသည် ဤသံလွင်မြစ်ကြီးရောက်ပြီဆိုက ဇက်ရေယာဉ်များ၊ ကူးတို့ ရေယာဉ်များဖြင့် ပြောင်းပြီး ကူးကြရခြင်းဖြစ်ကြောင်း၊ စောင့်ဆိုင်းချိန်၊ မြစ်ကူးချိန်စသည့် အချိန်များကုန်ခဲ့ရသည့်အပြင် ပစ္စည်းများတင်ရချရ၊ တစ်ဆင့်ပြောင်းရနှင့် အတော်ကို လူပန်းစိတ်ပန်းဖြစ်ခဲ့ကြရကြောင်း၊ အဆင်မသင့်လျှင် ညအိပ်စောင့်ရသည့် အခြေအနေမျိုးများနှင့်လည်း ကြုံကြရကြောင်း၊ အချိန်ကုန်လူပန်းရသည့်အပြင် ရာသီအမျိုးမျိုး၌ မြစ်ပြင်ကျယ်ကို ဖြတ်သန်းသော ဘေးအန္တရာယ်ကိုလည်း အမျိုးမျိုးကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့ သံလွင်မြစ်ကြီးခြားနေသည့် အခက်အခဲများသည် ယနေ့အတိတ်မှာ ကျန်ရစ်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ မော်လမြိုင်ဘက်မှဖြစ်စေ၊ မုတ္တမဘက်မှဖြစ်စေ လျင်မြန်လုံခြုံ အေးချမ်းစွာ ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်ကြောင်း၊ အင်မတန်ဝမ်းသာဂုဏ်ယူပီတိဖြစ်ရသည့် အောင်မြင်မှုကြီးပင် ဖြစ်ကြောင်း။

အလားတူပင် မွန်ပြည်နယ် ပတ်ဝန်းကျင်တစ်လျှောက်၌ အတ္ထရံတံတား၊ ဂျိုင်း(ဇာသပြင်)တံတား၊ ရေးတံတား၊ ဒုံသမိတံတားများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ယနေ့ဆိုလျှင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အကြား၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းအကြား ကူးသန်းသွားလာမှုများသည် ယခင်ကနှင့်မတူတော့ဘဲ လွယ်ကူလျင်မြန်ချောမွေ့နေပြီဖြစ်ကြောင်း၊ မော်လမြိုင်နှင့် ဘားအံဆိုလျှင် ယနေ့မော်တော်ကားနှင့် နာရီပိုင်းမျှအတွင်း ဆက်သွယ်သွားလာနေကြသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းနှင့်ဆိုလျှင် မော်တော်ကားနှင့်သာမက ၁၉၉၈ ခုနှစ်ကတည်းက ဖောက်လုပ်ဖွင့်လှစ်ခဲ့သည့် ရေး-ထားဝယ် ရထားလမ်းအတိုင်း ခရီးသွားလာ၍ရနေပြီဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သံလွင်တံတား (မော်လမြိုင်) ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ခြုံလိုက်လျှင် နိုင်ငံတစ်ဝန်း၌ တောင်မြောက်ဆက်သွယ်သည့် လမ်းများရော၊ အရှေ့အနောက် သွားလာနိုင်သည့် လမ်းသစ်များကိုပါ တိုးချဲ့ဖောက်လုပ်ပြီးစီးခဲ့၍ သွားရေးလာရေး အဆင်ပြေနေပြီဖြစ်ကြောင်း၊ လိုအပ်သည့် တံတားအမျိုးအစားမျိုးစုံကိုလည်း တည်ဆောက်ပေးခဲ့ပြီဖြစ်သည့်အတွက် မြန်မာပြည်မြောက်ဖျားမှ တောင်ဖျား၊အရှေ့ဖျားမှ အနောက်ဖျားအထိ ကူးသန်းသွားလာ၍ရနေပြီဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံး၌ ကတ္တရာလမ်း၊ အမာခံလမ်း၊ မြေလမ်း လမ်းမျိုးစုံ မိုင်ပေါင်း၂၁၄၀၀ ကျော်ရှိရာ ယခုဆိုလျှင် မိုင်ပေါင်း ၅၆၆၀၀ကျော်အထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည့်အတွက် မိုင်ပေါင်း ၃၅၀၀၀ ကျော်၊ အတိုင်းအဆအားဖြင့် နှစ်ဆခွဲကျော် တိုးချဲ့ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

အလားတူပင် ရထားလမ်းသစ်များ၊ လေယာဉ်ကွင်းသစ်များ၊ အော်တိုတယ်လီဖုန်းဆက်သွယ်မှု ကွန်ရက်များ၊သင်္ဘောဆိပ်ခံတံတားများစသည့် အခြားလမ်းပန်းဆက်သွယ်မှု အခြေခံများကို တိုးချဲ့တည်ဆောက်ခဲ့သလို စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ဆည်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စခန်းများ၊ အလုပ်ရုံစက်ရုံများ၊ စက်မှုဇုန်များကို တည်ဆောက်ထူထောင်လျက်ရှိကြောင်း။

ထို့အတူ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့၌လည်း သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေရန် တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံကျောင်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိအောင်လည်း ဆေးရုံများ၊ ဆေးပေးခန်းများ အဆင့်မြှင့်ထူထောင်ခြင်း၊ တိုးချဲ့ဖွင့်လှစ်ခြင်းများကို ပြုလုပ်ပေးနေကြောင်း။

အထူးသဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသများ တိုးချဲ့သတ်မှတ်ပြီး ဖွံ့ဖြိုးရေးဒေသအလိုက် ပညာရေး၊ ကျန်းမာရေး အဆင့်မြှင့်မှုများကိုပြုလုပ်နေခြင်းဖြစ်ကြောင်း။

ချိတ်ဆက်အကောင်အထည်ဖော်

တစ်ဆက်တည်းမှာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ပြီး ကျေးလက်ဒေသများနှင့် ဝေးလံခေါင်သီသော နယ်စပ်ဒေသများ၏ဖွံ့ဖြိုးမှုကို ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ရည်ရွယ်ချက်မှာ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟမှုများ လျော့နည်းကျဆင်းရေး၊ တိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်ပြီး အဆင့်အတန်းရှိရှိ နေနိုင် ထိုင်နိုင်ရေးတို့အတွက် လိုအပ်သည့် အခြေခံအုတ်မြစ်များကို ဘက်ပေါင်းစုံက ထူထောင်နေခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံများကို ထူထောင်ရာ၌ တပ်မတော်အစိုးရသည် ကိုယ့်အားကိုယ်ကိုးပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားနှင့် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုများကို အခြေခံပြီး ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထူထောင်နေခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့မှုကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည့် အခြေခံများသည် ပြည့်စုံလုနီးပါး ယခုကဲ့သို့ ဖြစ်ပေါ်တည်ရှိလာခြင်းဖြစ်ကြောင်း။

လမ်းညွှန်မှုများပေးနေ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်ဦးရွက်ပြုနေသည့် တပ်မတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ အမြဲအလေးထား လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုလည်း နိုင်ငံတော်အကြီးအကဲက **"တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ အခြေခံတွေကို ထူထောင်နိုင်ပြီဖြစ်တယ်။" "ဒီအခြေခံတွေကို အသုံးချပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်လုပ်ကိုင်ရမယ်။" "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်အောင် ရည်မှန်းချက်ပန်းတိုင်ထားရမယ်။"** ဆိုပြီး လမ်းညွှန်မှုများ စဉ်ဆက်မပြတ်ပေးနေခြင်းဖြစ်ကြောင်း။

ပြည်သူများ ပညာတတ်အောင်၊ ပြည်သူများကျန်းမာအောင်၊ အဆင့်အတန်းရှိရှိနေနိုင်အောင်၊ ပြည်သူ့ဘဝ လုံခြုံအေးချမ်းရအောင် ဘက်စုံထောင့်စုံမှ စဉ်းစားတွေးခေါ် ဦးဆောင်လမ်းညွှန်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ချိန်က ဘာကြောင့်ဖြစ်ခဲ့ဖြစ်ခဲ့၊ ဘာတွေလုပ်ခဲ့လုပ်ခဲ့၊ ယခုလိုအချိန်မျိုးတွင် တပ်မတော်နှင့် ပြည်သူများ လက်တွဲပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် နည်းသစ်လမ်းသစ်များနှင့် စေတနာ၊ မေတ္တာရှေ့ထားပြီး ဆောင်ရွက်ခဲ့ခြင်းသည်လည်း နိုင်ငံအတွက်၊ ပြည်သူများအတွက်ဖြစ်ကြောင်း၊ မိမိတို့အားလုံး အကျိုးအတွက်ဖြစ်ကြောင်း၊ လက်နက်ကိုင် ဆန့်ကျင်မှုများသည် ပြည်သူများ၏ လူမှုစီးပွားရေးဘဝတိုးတက်မှု၊ ပြည့်စုံမှုတို့ကို အဟန့်အတား အနှောင့်အယှက်ဖြစ်စေသည့် ခါးသီးသော သမိုင်းအတွေ့အကြုံများဖြစ်ကြောင်း။

အမွေကောင်းလက်ဆင့်ကမ်းပေး

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာနိုင်အောင်၊ ဒေသအကျိုးပြု၊ ပြည်သူ့အကျိုးပြု၊ နိုင်ငံတော်အကျိုးပြုလုပ်ငန်းများကို ပူးပေါင်းလုပ်ကိုင်လာနိုင်အောင် အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ ညီညွတ်မှုတို့ကို အခြေခံသော အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို စေတနာသန့်သန့်ဖြင့် အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့သည် ယခု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီး သံလွင်မြစ်ကူး သံလွင်တံတား (မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အချိန်တွင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်နေကြပြီဖြစ်ကြောင်း၊ အနာဂတ် နောင်လာနောက်သားများအတွက် တည်ငြိမ်အေးချမ်းပြီး စည်းလုံးညီညွတ်မှုရှိသည့် ဖွံ့ဖြိုးတိုးတက်နေသော ပတ်ဝန်းကျင်အမွေကောင်းကို မိမိတို့ လက်ဆင့်ကမ်းပေးနိုင်ရမှာဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်က တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့်ယှဉ်ပြီး ချမှတ်ထားသည့် ဒို့တာဝန်အရေးသုံးပါးသည် တစ်နည်းအားဖြင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် ထာဝရမှန်ကန်နေမည့် အမျိုးသားရေးမူဝါဒလည်းဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်တို့သည် ကြောင်းကျိုးဆီလျော်မှန်ကန်သည့် လုပ်ငန်းစဉ်များလည်းဖြစ်ကြောင်း၊ ဤမူဝါဒများကို အခြေခံပြီး ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်သွားကြရင်း ကမ္ဘာ့အလယ်မှာ ထည်ဝါတောင့်တင်းသည့် နိုင်ငံတော်ဖြစ်လာအောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

လက်တွေ့ကျကျပေါ်ထွက်လာ

ယခုဆိုလျှင် နိုင်ငံရေးဦးတည်ချက်လေးရပ်အပေါ် အခြေခံပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိ၏ရေမြေသဘာဝ သမိုင်းကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ဆီလျော်ကိုက်ညီမည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း အတိအလင်းချမှတ်ထားပြီးဖြစ်ကြောင်း၊ မှန်ကန်သည့် နိုင်ငံရေးလုပ်ငန်းစဉ်အတိုင်း နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ရေးသည် နိုင်ငံနှင့်လူမျိုးအတွက် သမိုင်းရေးလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ သို့မှလည်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သည် လက်တွေ့ကျကျ ပေါ်ထွက်လာမှာဖြစ်ကြောင်း။

နိဂုံးအားဖြင့်တင်ပြရမည်ဆိုလျှင် မိမိအတွက်၊ ဒေသအတွက်၊ နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို စဉ်ဆက်မပြတ်ဖော်ဆောင်နိုင်ရန် မွန်ပြည်နယ်အတွင်းမှာနေထိုင်ကြသည့် မွန်၊ ကရင်၊ ပအိုဝ်း၊ ရှမ်း၊ ချင်း၊ ကချင်၊ ကယား၊ ရခိုင်၊ ဗမာစသော တိုင်းရင်းသားအားလုံးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် မြန်မာနိုင်ငံသားအားလုံးတို့သည် စိတ်ဓာတ်ကောင်းခြင်း၊ အရည်အချင်း ပြည့်ဝခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်းတို့နှင့်ပြည့်စုံပြီး ရိုးရိုးသားသား ကြိုးကြိုးစားစား အလုပ်လုပ်ကြရန်၊ နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထူထောင်ကြရန်နှင့် မွန်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအတွက် အထူးအရေးပါသော ဤသံလွင်တံတား (မော်လမြိုင်) ရေရှည်အသုံးပြုနိုင်ရန်အတွက် ပြည်သူအားလုံး ဝိုင်းဝန်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာ၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို စေတနာထား၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စတင်ဆောင်ရွက်ခဲ့

ဤသံလွင်တံတား (မော်လမြိုင်)ကိုလည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုအရ တည်ဆောက်နိုင်ရန် ၁၉၉၈ခုနှစ်တွင် မြေစမ်းသပ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၀၀ပြည့်နှစ် မတ်လ၁၈ရက်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် မင်္ဂလာရှိစွာဖြင့် ဤတံတားကြီးကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

၁၇၉စင်းမြောက်တံတားကြီး

သံလွင်တံတား(မော်လမြိုင်)သည်၁၉၈၈ခုနှစ်နောက်ပိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် ပေ ၁၈၀နှင့် အထက်တံတားကြီးများအနက် ၁၇၉စင်းမြောက် တံတားကြီးဖြစ်ကြောင်း။

ဤတံတားသည် အခြားတည်ဆောက်ပြီး အခြားကား၊ ရထားတံတားများနှင့်မတူဘဲ ထူးခြားချက်ရှိကြောင်း၊ ဤထူးခြားချက်မှာ ဤတံတား၌ ကားလမ်းရော၊ ရထားလမ်းပါ တံတားသံပေါင်အတွင်းမှာပင် ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ တည်ဆောက်ပြီးတံတားများအနက် အရှည်ဆုံးနှင့် အကြီးဆုံးတံတားဖြစ်သကဲ့သို့ ရေလယ်တိုင်အောက်ခြေအုတ်မြစ်လုပ်ငန်းများ ဆောင်ရွက်ရာ၌လည်း ဘိုးပိုင် ၂၈လုံးတွဲ Caisson Type Foundation နည်းကို မြန်မာနိုင်ငံ၌ ပထမဆုံး စတင်အသုံးပြုခဲ့ရသည့် တံတားဖြစ်ပါကြောင်း။

နည်းစနစ်အသုံးပြု

ရေလယ်တိုင် အောက်ခြေအုတ်မြစ်လုပ်ငန်းများ ဆောင်ရွက်ရာ၌ ရေအနက်ပေ ၁၀၀၊ မြစ်ရေစီးနှုန်းတစ်စက္ကန့်လျှင် ၁၆ပေကျော်နှုန်းဖြင့် သံလွင်မြစ်ရေစီးဆင်းလျက်ရှိမှုကြောင့် ရေနက်သည့် ရေလယ်တိုင် ၁၁တိုင်ကို Caisson Type Foundation နည်းစနစ်ဖြင့် အသုံးပြုဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်းမည်

ပင်မတံတားသံပေါင် တပ်ဆင်ရာ၌ မုတ္တမဘက်ကမ်းမှရော မော်လမြိုင်ဘက်ကမ်းမှပါ တစ်ပြိုင်တည်းတပ်ဆင်သည့်နည်းကို အသုံးပြုဆောင်ရွက်ခဲ့သဖြင့် တံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းမှာ ၃၈၃ရက်သာ ကြာမြင့်ခဲ့သည်ကိုလည်း အထူးတင်ပြလိုကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

စာမျက်နှာ ၅ ကော်လံ ၁

စာမျက်နှာ ၄ မှ

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာ၌ ယနေ့သည် ဒေသခံပြည်သူများအနေဖြင့် ခေတ်အဆက်ဆက်က မျှော်မှန်းတမ်းတခဲ့ကြရသည့် အိပ်မက်တံတားအဖြစ်မှ မြန်မာအင်ဂျင်နီယာများကိုယ်တိုင် ကိုယ်ပိုင်အစွမ်းအစဖြင့် အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည့် တံတားကြီးအဖြစ် ဝင့်ဝင့်ကြွားကြွားဖြင့် အကောင်အထည်ပေါ်ထွန်းလာခဲ့ပြီဖြစ်သည့် သံလွင်တံတား(မော်လမြိုင်) ဖွင့်ပွဲနေ့အခမ်းအနားဖြစ်သကဲ့သို့ မြန်မာတစ်မျိုးသားလုံးအနေဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်သည့်နေ့တစ်နေ့လည်း ဖြစ်ခဲ့ပြီဖြစ်ကြောင်း၊ အထူးသဖြင့် တံတားကြီးတည်ရှိရာ မွန်ပြည်နယ်နှင့် ဒေသခံ ပြည်နယ်သူ ပြည်နယ်သားအားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ နေ့ထူးနေ့မြတ်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

သံလွင်တံတား(မော်လမြိုင်)သည် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်နှင့် မုတ္တမတို့အကြား၌ တည်ရှိသည့် ခေါင်းဆေးကျွန်းအနီး ရေစီးသန် လှိုင်းဝဲဂယက်များအလွန်ထန်သည့် နေရာ၌ ကားလမ်း၊ ရထားလမ်း၊ လူကူးလမ်းများပါ ပါဝင်တည်ဆောက်ထားသည့် တံတားကြီးဖြစ်ကြောင်း။

အထူးဝမ်းသာပီတိဖြစ်

ဤတံတားကြီး မရှိခင်က မုတ္တမနှင့် မော်လမြိုင်မြို့သည် သံလွင်မြစ်ကြီး ခြားနေမှုကြောင့် အမြင်နီးပါလျက် ခရီးဝေးခဲ့ရကြောင်း၊ ရာသီဥတုပြင်းထန်၊ လှိုင်းလေလည်းထန်ခဲ့သဖြင့် ဒေသခံပြည်သူများနှင့် ရင်သွေးငယ်ကျောင်းသူကျောင်းသားများသည် အန္တရာယ်ကြားကနေပြီး နေ့စဉ်နှင့်အမျှ ဆက်သွယ်လှုပ်ရှား သွားလာနေခဲ့ကြရကြောင်း၊ သွားရေးလာရေး ခရီးကြန့်ကြာသည့်အပြင် မကြာခဏဆိုသလို အန္တရာယ်များနှင့်လည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းမျိုးလည်း ရှိခဲ့သည့်အတွက် ခရီးလမ်းပန်း ဖြောင့်ဖြူးခြင်းမရှိခဲ့ကြောင်း၊ ယခုကဲ့သို့ တံတားကြီး အောင်အောင်မြင်မြင် တည်ဆောက်ဖွင့်လှစ်ပြီးချိန်တွင် ဤအန္တရာယ်များနှင့် မလိုအပ်သည့် အချိန်ကြန့်ကြာမှုများသည် အလိုလိုပပျောက်သွားမှာဖြစ်သည့်အတွက် ဒေသခံပြည်သူတစ်ရပ်လုံးကိုယ်စား အထူးဝမ်းသာပီတိဖြစ်ရပါကြောင်း ထပ်လောင်းပြောကြားလိုကြောင်း။

နယ်မြေဒေသတစ်ခုတည်းအတွက်သာမက နိုင်ငံတော်ကြီးတစ်ခုလုံးအတွက်ပါ တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများရရှိအောင် လမ်းညွှန်စီမံပေးသည့် နိုင်ငံတော်အကြီးအကဲနှင့်တကွ တံတားကြီးကို တာဝန်ယူတည်ဆောက်ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားကြီးကို ပြီးမြောက်အောင် တာဝန်ယူတည်ဆောက်ခဲ့ကြသည့် အင်ဂျင်နီယာမှူးကြီးများ၊ ကာယဉာဏဝန်ထမ်းများအားလုံးနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသူများအားလုံးကို မွန်ပြည်နယ် ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း။

တိုးတက်ဖောက်လုပ်နိုင်

မွန်ပြည်နယ်အနေဖြင့် ဒေသတစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသည့် လမ်းများကို ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သလို လမ်းသစ်များကိုလည်း ချဲ့ထွင်ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် မွန်ပြည်နယ် ၁၀မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့်မြို့ပြ ဆက်သွယ်သည့်လမ်းများ၊ ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်သည့်လမ်းများကိုလည်း ဖောက်လုပ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍသည် ၁၉၈၈ခုနှစ်တွင် လမ်းမိုင် ၉၈၈ မိုင်ရှိရာက ပြည်ထောင်စုလမ်းမကြီး ၃၁၈မိုင် ၄ဖာလုံ အပါအဝင် ၂၆၁၅ မိုင်ရှိလာသလို မီးရထားလမ်းပိုင်းအနေဖြင့် ၂၇၆မိုင်ကနေ ၂၉၃မိုင် အထိ တိုးတက်ဖောက်လုပ်နိုင်ခဲ့ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်းမည်

နိဂုံးချုပ်အနေဖြင့် မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာအောင် ဒေသခံတိုင်းရင်းသားများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမှသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် သံလွင်တံတား(မော်လမြိုင်) မြစ်ကူးတံတားကြီးကို စေတနာထား တည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရအား မွန်ပြည်နယ်ဒေသခံပြည်သူလူထုကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း နိုင်ငံတော်၏ကျေးဇူးကို ပြန်လည်ပေးဆပ်သည့်အနေဖြင့် မွန်ပြည်နယ်တည်ရှိနေသမျှ ဤတံတားကြီး တည်တံ့ခိုင်မြဲနေအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးတင်စိုးမိုးနိုင်က သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားကို ဂါရဝပြုပြောကြားသည်။

ဆုတောင်းမေတ္တာပို့

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုအား နှုတ်ခွန်းဆက်စကားပြောကြားရာ၌ မိမိတို့သည် သံလွင်တံတား(မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူများနှင့်အတူ တက်ရောက်အားပေးချီးမြှင့်ရန် မော်လမြိုင်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ တက်ရောက်လာကြသော လူထုကြီး ကျန်းမာချမ်းသာစေရန်၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံစေရန် ဆုတောင်းမေတ္တာပို့သရင်း နှုတ်ဆက်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဤဒေသအတွက်၊ တိုင်းပြည်အတွက် မင်္ဂလာရှိပြီး အကျိုးပြုသည့် ဤတံတားကြီးတည်ဆောက်ပေးချင်သည်မှာ နှစ်ကာလကြာပြီဖြစ်ကြောင်း။

အချိန်အခါစောင့်ခဲ့ရ

သို့ရာတွင် အခက်အခဲများရှိနေသည့်အတွက် ချက်ချင်းအကောင်အထည် မဖော်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ငွေရေးကြေးရေး အခက်အခဲနှင့် အတတ်ပညာအခက်အခဲတို့ကြောင့် အခြေအနေ၊ အချိန်အခါကို စောင့်ဆိုင်းနေခဲ့ရကြောင်း။

ယခုအခါ တိုင်းပြည်၏ စီးပွားရေးမှာ အတိုင်းအတာတစ်ရပ်အထိ တိုးတက်လာသကဲ့သို့ အတတ်ပညာပိုင်းအနေဖြင့်လည်း တံတားအသေးစား၊ အလတ်စား၊ အကြီးစားတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်လာနိုင်သည်နှင့်အမျှ အတတ်ပညာနှင့် အတွေ့အကြုံများကို စုဆောင်းလာနိုင်သဖြင့် ယခုကဲ့သို့ တံတားကြီးမျိုးကို စတင်တည်ဆောက်လာနိုင်အား ရှိလာကြောင်း။

တရားဥပဒေစိုးမိုးရေး

မည်သို့သောအခက်အခဲမျိုးကို ကြုံတွေ့သည်ဖြစ်စေ တိုင်းပြည်၌ စည်းလုံးညီညွတ်မှုအင်အား၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအင်အားတို့ ခိုင်မာစွာရှိနေရန် အရေးကြီးကြောင်း။

ယင်းအင်အားနှစ်ရပ်ဖြင့်ပင် ကြုံတွေ့ရသော အခက်အခဲမှန်သမျှကို မိမိတို့ကျော်လွှားနိုင်ကြောင်း၊ ယခု ဤတံတားကြီးကို အောင်မြင်ပြီးမြောက်စွာ တည်ဆောက်နိုင်သည်မှာလည်း အခြေခံအားဖြင့် ယင်းအင်အားနှစ်ရပ်ကြောင့်ပင် ဖြစ်ကြောင်း။

ဤဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး၊ စိတ်ချမ်းသာစွာသွားနိုင်၊ နေနိုင်၊ စားနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရက ဤတံတားကြီးကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း။

ဒေသအကျိုးပြုမည့်တံတား

ဒေသခံပြည်သူများအနေဖြင့် အချိန်ကုန်လူပန်း စိတ်ပန်းမဖြစ်ရဘဲ နိစ္စဓူဝ ဤတံတားကြီးကိုအသုံးပြု၍ ကူးသန်းသွားလာကြတော့မှာဖြစ်ရာ ဤတံတားကြီးသည် နိုင်ငံတော်၏အကျိုးစီးပွားနှင့် ဆက်စပ်သည့်နည်းတူ ဒေသ၏အကျိုးစီးပွားကို အကျိုးပြုမည့်တံတား၊ ဒေသ၏တံတားဖြစ်ကြောင်း။

ယခုအခါ ဤတံတားအပြင် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဖွံ့ဖြိုးရေးအတွက်ရည်မျှော်၍ လက်ရှိစစ်တောင်းတံတားဟောင်းအနီး၌ နောက်ထပ် စစ်တောင်းမြစ်ကူး မော်တော်ကားတံတားတစ်စင်း စတင်တည်ဆောက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးလာစေရေးဆိုသည့် ရည်မှန်းချက်၊ စေတနာတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံသားတစ်ဦးအနေဖြင့် မိမိဒေသအတွင်းရှိ ပြည်သူ့အကျိုးပြု၊ ဒေသအကျိုးပြု ဤတံတားကြီးအပါအဝင် နိုင်ငံပိုင်ပစ္စည်းများကို ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင်ပစ္စည်းကဲ့သို့သဘောထား၍ အဖျက်အဆီးမခံရအောင်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

နှုတ်ခွန်းဆက်စကား ပြောကြားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား နှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဖဲကြိုးဖြတ် ဖွင့်လှစ်မည့်နေရာသို့ သွားရောက်နေရာယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ မင်္ဂလာအချိန်ကျရောက်သည်နှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က သံလွင်တံတား(မော်လမြိုင်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲမှတ်တိုင်ဦး ထိပ်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သံလွင်တံတား(မော်လမြိုင်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်အပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တံတားကြီးပေါ်၌နေရာယူထားကြသည့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုလိုလားလား နှုတ်ဆက်သည်။

အိပ်မက်တံတားကြီး

- သည်နေရာတွင်၊ ရေအလျဉ်မာန်ပြင်း
  မြစ်ငါးစင်းတွေ့၊ မုတ္တမကွေ့တည့်
  ရွှေ့ရွှေ့စီးဆင်း၊ မြစ်မင်းသံလွင်
  ဂျိုင်းပါဝင်လျက်၊ တူယှဉ်အတ္တရံ
  တစ်ဖန်ကျုံးဒိုး၊ မြစ်ကတိုးဟု
  တံပိုးလှိုင်းထန်၊ ဂယက်ညံ၏။
- ရေဇလာအစဉ်၊ ဝဲဂယက်ဆင်၍
  အသွင်ကျွန်းအလား၊ ထောင်ထားကျောက်တောင်
  အတိဆောင်သည်၊ မြရောင်မှေးမှေး
  ကျွန်းခေါင်းဆေးလျှင်၊ ဗဟိုခွင်မှာ
  ရေလွှာအန်တု၊ ကျောက်ထုအပြည့်။
- ခက်ထန်ကြမ်းတမ်း၊ ခရီးလမ်းသည်
  ပင်ပန်းဆင်းရဲ၊ ခက်ခဲအစုံ
  အမြဲကြုံတွေ့၊ မုန်ပြည့်ဆင်လား
  သတိထားကာ၊ သွားလာကူးသန်း
  ဘေးဘျမ်းအတိ၊ ပြည့်နှက်ဘိ၏။
- မြစ်မအပြိုင်၊ ရေစိုင်ဘဝဲ
  ကျောက်ထုထဲတွင်၊ စွဲမြဲမဏ္ဍိုင်
  ကျောက်တိုင်စိုက်၍၊ တိုက်ရိုက်ထုတ်ခြောက်
  တံတားဆောက်ရန်၊ ရံခါမျှပင်
  မထင်အိပ်မက်၊ ဒို့မမက်ခဲ့။
- ယခုအခါ၊ ပြည်ရွာတစ်ဝန်း
  လမ်းပန်းဆက်သွယ်၊ လုံခြုံလွယ်အောင်
  တစ်သွယ်တံတားဆောက်၊ တောက်လျှောက်လမ်းခင်း
  ပြည်တွင်းကွန်ရက်၊ မြို့ချင်းဆက်၍
  အဘက်ဘက်မှ၊ တိုးတက်လေအောင်
  ကြံဆောင်ကြိုးလှစ်၊ နိုင်ငံသစ်ဆီ။
- ဆောက်လုပ်ရေးနှင့်၊ ညီနောင်သွေးသား
  မြန်မာ့မီးရထားတို့၊ အင်အားစုံညီ
  ပီပီပြင်ပြင်၊ အတတ်ပညာ
  မြန်မာအင်ဂျင်နီယာဟု၊ ကမ္ဘာမှာဟစ်ကြွေး
  ဇာတိသွေးပြ၊ သြချလောက်အောင်
  စွမ်းရည်ပြောင်စွ၊ လုပ်ဆောင်ပြသည်
  မြန်မာ့အရှည်ဆုံးတံတားတည်း။
- သံလွင်တံတား(မော်လမြိုင်)ဟု
  ထွန်းလှိုင်ကျော်ဟိုး၊ ဒို့အမျိုးအတွက်
  အိပ်မက်တံတား၊ မျက်ဝါးထင်ထင်
  ပီပြင်လှပ၊ မြန်မာ့သမိုင်း
  တင့်နှိုင်းဂုဏ်ရောင်၊ ထွန်းလင်းပြောင်လျက်
  အောင်ပန်းကြိုင်လှိုင်၊ ဒို့နိုင်ငံ၏
  ပြိုင်စံရှားသည့် တံတားတည်း။ ။

လှမင်း(လျှပ်စစ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တံတားကြီးကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မုတ္တမဘက်ခြမ်းသို့ရောက်ရှိကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် မုတ္တမဘက်ခြမ်း ဖွင့်ပွဲမှုခ်ဦး၌ သံလွင်တံတား(မော်လမြိုင်)ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဘိုးပိုင်အမျိုးအစား

သံလွင်တံတား(မော်လမြိုင်)မှာ ရထားလမ်း တစ်လမ်းနှင့် ကားလမ်းနှစ်လမ်း ယှဉ်ပြိုင်လျက်ရှိသော တံတားဖြစ်သည်။ ရထားလမ်းရော ကားလမ်းပါ တံတားသံပေါင်အတွင်း ထည့်သွင်းတည်ဆောက်ထားသည့် တံတားဖြစ်သည်။ အပေါ်ထည်မှာ သံမဏိသံပေါင်+သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး အောက်ထည်မှာ ကြိုတင်သွန်းလောင်း သံကူကွန်ကရစ်ပိုင်တိုင်နှင့် ဘိုးပိုင်အမျိုးအစားဖြစ်သည်။

တံတား၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေရှိပြီး ရထားလမ်းအကျယ်မှာ ၁၄ပေရှိသည်၊ တံတား၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ် ၃၂၈ပေနှင့် အမြင့် ၄၆ပေရှိသည်။

ပင်မတံတားမှာ ၇၆၉၉ပေ ရှည်သည်။ မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၆၂၄ပေ ရှည်ပြီး မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှာ ၂၂၅၂ ပေရှိကာ စုစုပေါင်း ကားလမ်းတံတား၏ အရှည်မှာ ၁၁၅၇၅ပေရှိသည်။

သံလွင်တံတား (မော်လမြိုင်)သည် ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်းလမ်းပေါ်၌ တည်ရှိသည့် တံတားကြီးဖြစ်သည်။ တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ၁၈-၃-၂၀၀၀ ပြည့်နှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၇-၁၂-၂၀၀၄ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးခဲ့သည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ် ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင် သံ လွင် မြစ် ကူး သံ လွင် တံ တား (မော်လမြိုင်) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ရည်မှန်းချက်မှာ အေးချမ်းသာယာသောခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရန်ဖြစ် ခိုင်မာသောဦးတည်ချက်များနှင့်အညီ နိုင်ငံတော်နှင့်ပြည်သူပူးပေါင်း၍ အောင်မြင်မှုများစွာရရှိနေ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ပေါ်ရေး အစိုးရနှင့်အတူ တိုင်းရင်းသားအားလုံးအင်တိုက်အားတိုက်ပါဝင်

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းအခမ်းအနား ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ ဒါးကတံတားအနီးရှိ ရွှေရောကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့် အလုပ်အမှုဆောင်များ၊ ပုသိမ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်နှင့် ကျောင်းကုန်းမြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းဝင်များ၊ တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအင်အား စုစုပေါင်း ၉၄၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက်ပိုင်းမှစတင်၍ ကန်ကြီးထောင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဝင်း ဦးဆောင်သော ပုသိမ်၊ ကန်ကြီးထောင့်နှင့် သာပေါင်းမြို့နယ် ကိုယ်စားပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများသည် ပမ္မဝတီစစ်ကြောင်းအမည်ဖြင့် ဒါးက-အိမ်မဲကားလမ်း စုရပ်မှလည်းကောင်း ကျောင်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်း ဦးဆောင်သော ကျောင်းကုန်း၊ သာပေါင်း၊ ကျုံပျော်နှင့် ရေကြည်မြို့နယ် ကိုယ်စားပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများသည် ဧရာဝတီစစ်ကြောင်းအမည်ဖြင့် ဒါးကတံတားအနီးစုရပ်မှ လည်းကောင်း ရန်ကုန်-ပုသိမ် ကားလမ်းအတိုင်း စစ်ကြောင်းပုံစံဖြင့် ချီတက်လာကြပြီး အခမ်းအနားကျင်းပမည့် ရွှေရောကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ စနစ်တကျနေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ပုသိမ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပုသိမ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင် ဗိုလ်ကြီးစိန်မောင်(ငြိမ်း)၊ ပုသိမ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်မှု ကော်မတီဝင် ပုသိမ်ပညာရေးကောလိပ်မှ လက်ထောက်ကထိက ဒေါ်အေးအေးသောင်း၊ ကန်ကြီးထောင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြငွေးနှင့် ဒါးကကျေးရွာ ရပ်မိရပ်ဖ ဦးခင်မောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကန်ကြီးထောင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နော်ကဖော်ရီးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကန်ကြီးထောင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မျိုးဇင်မာညိုတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်ဖြင့် အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

သူ့ကျွန်ဘဝရောက်ခဲ့

ထို့နောက် သဘာပတိ ပုသိမ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်ပေါင်းများစွာကတည်းက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ့်ဘုရင်၊ ကိုယ့်အရှင်သခင်နှင့် တည်ရှိနေထိုင်လာခဲ့သည့် လွတ်လပ်သော နိုင်ငံတော်ကြီးဖြစ်ကြောင်း၊ သို့သော် ဗြိတိသျှနယ်ချဲ့တို့က ခေတ်မီလက်နက်များဖြင့် အနိုင်ကျင့် မတရားကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲခဲ့၍ ထီးကျိုးစည်ပေါက် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့ကြရကြောင်း။

သူ့ကျွန်ဘဝကို ရောက်ခဲ့ရသည့်အဖြစ်ကို မခံရပ်နိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် နယ်ချဲ့အင်္ဂလိပ်တို့ကို ခေတ်အဆက်ဆက်တွင် နည်းလမ်းအသွယ်သွယ်ဖြင့် လွတ်လပ်ရေး ပြန်လည်ရရှိအောင် စဉ်ဆက်မပြတ် တိုက်ပွဲဝင်ခဲ့ကြကြောင်း။

ပင်လုံညီလာခံပေါ်လာ

အင်္ဂလိပ်နယ်ချဲ့သည် မူလကပင် တောင်တန်းသားများကို မြေပြန့်သားတို့နှင့် သွေးခွဲခဲ့ကြောင်း၊ မပေးမဖြစ်၍ လွတ်လပ်ရေး ပေးခဲ့ရလျှင်လည်း တောင်တန်းဒေသကို ချန်လှပ်ထားလိုကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားခေါင်းဆောင်တို့သည် ပြည်နယ်ပြည်မ မခွဲဘဲ လွတ်လပ်ရေး ရယူနိုင်ရန် ကြိုးပမ်းရာမှ ပင်လုံညီလာခံကြီး ပေါ်ပေါက်လာခဲ့ကြောင်း။

ရှမ်းပြည်နယ် ပင်လုံမြို့နယ်၌ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် တိုင်းရင်းသားအားလုံး **'တစည်းတလုံးတည်း နေထိုင်ကြတော့မယ်'** ဆိုသည့် သန္နိဋ္ဌာန်နှင့် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ပင်လုံညီလာခံကြီးသည် ပြည်ထောင်စုသမိုင်းတွင် မြေပြန့်သားနှင့် တောင်တန်းသားတို့ အမျိုးသားညီညွတ်မှုကို တည်ဆောက်ခဲ့သည့် ထင်ရှားသော မှတ်တိုင်ကြီးတစ်ခုဖြစ်၍ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သည့် ဖေဖော်ဝါရီလ၁၂ရက်ကို ပြည်ထောင်စုနေ့အဖြစ် နိုင်ငံတော်က အထူးဂုဏ်ပြုသတ်မှတ်ခဲ့ကြောင်း။

ဂုဏ်ပြုကျင်းပခဲ့

ယင်းသို့ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းအားကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ရက်တွင် နှစ်ပေါင်း ၁၀၀ကျော် ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေးကြီးပြန်လည်ရရှိနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ပြည်ထောင်စုနေ့အခမ်းအနားကို နှစ်စဉ်အလေးထားကာ ဂုဏ်ပြုကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း။

ဒို့တာဝန် အရေးသုံးပါးသည် နိုင်ငံတော်အတွက် မရှိမဖြစ်သော အမျိုးသားရေးမူဝါဒ ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရန်ဖြစ်ကြောင်း၊ ခိုင်မာသည့် ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူပူးပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် အောင်မြင်မှုများစွာ ရရှိနေပြီးဖြစ်ကြောင်း။

ပေါ်လွင်ထင်ရှား

မိမိတို့ ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စက်မှုစီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာသည်ကို သိသိသာသာတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း ပေ ၁၄၀၀ ရှည်သည့် ဒါးကတံတားသစ်ကြီး ပေါ်ထွန်းလာသည်မှာ ပေါ်လွင်ထင်ရှားသည့် ဖွံ့ဖြိုးမှုတစ်ရပ်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အတွက် အရေးကြီးလှသည့် အမျိုးသားညီလာခံကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင်များပါဝင်သည့် အဖွဲ့ရှစ်ဖွဲ့ဖြင့် ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ရက်တွင် စတင်ကျင်းပနိုင်ခဲ့ပြီး အခြေခံမူများကို ချမှတ်နိုင်ခဲ့ကြောင်း၊ သို့သော် အမျိုးသားရေးထက် လူပုဂ္ဂိုလ်တစ်ဦး၏ သဘောထားနှင့် မိမိပါတီအရေးကို ဦးစားပေးပြီး ညီလာခံပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်မှုတချို့ကြောင့် ၁၉၉၆ ခုနှစ် မတ် ၃၁ရက်တွင် ယာယီရပ်ဆိုင်းခဲ့ရကြောင်း။

လှိုက်လှိုက်လှဲလှဲထောက်ခံ

နိုင်ငံတော်၏ အနာဂတ်အရေးအတွက် အသက်တမျှ အရေးကြီးသည့် အခြေခံဥပဒေကို တိုင်းရင်းသား ပြည်သူများ၏ ဘဝ၊ ဆန္ဒနှင့်အညီ ရေးဆွဲနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကို ၂၀၀၄ခုနှစ် မေ ၁၇ရက်တွင် ပြန်လည်စတင်ကျင်းပနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးကို အမျိုးသားညီလာခံကသာ ဆောင်ရွက်နိုင်သောကြောင့် ခေတ္တရပ်နားခဲ့ရာမှ ယခုနှစ်ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်လည်စတင်ကျင်းပတော့မည့် အမျိုးသားညီလာခံကို မိမိတို့အားလုံး အပါအဝင် ပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် ယနေ့ မြန်မာနိုင်ငံတော်၏ ပကတိဖြစ်ပေါ်နေသော အခြေအနေများ၊ သမိုင်းကြောင်းဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများပေါ်တွင် အခြေခံထားသည့် မူဝါဒလုပ်ငန်းစဉ်များပင် ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အာမခံချက်ပေးသည့် အလေးအမြတ်ပြု လိုက်နာဆောင်ရွက်သွားကြရမည့် မူဝါဒလမ်းစဉ်များပင် ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်မာလာကျော်က ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ တင်ပြရာတွင် မိမိတို့ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် ဖွဲ့စည်းနေထိုင်လျက်ရှိသည့် နိုင်ငံဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ထူးခြားသည့် ဝိသေသမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စုများနှင့် ရှေးနှစ်ပေါင်းများစွာကပင် အတူတကွ ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်ခဲ့ကြခြင်းပင် ဖြစ်ကြောင်း။

သွေးရင်းသားချင်းများဖြစ်

နိုင်ငံတော်အတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများ နေထိုင်ရာ ဒေသအလိုက် လူမျိုးစု၊ အမည်နှင့် ပြောဆိုသည့် ဘာသာစကားများ ကွဲပြားမှုရှိခဲ့သော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးရင်းသားချင်းများသာ ဖြစ်ကြောင်း။

သမိုင်းစဉ်တစ်လျှောက် နှစ်ပရိစ္ဆေဒကြာမြင့်စွာ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြရာတွင် တိုင်းရင်းသားသွေးချင်းများ၏ စိတ်သန္တာန်တွင် ပြည်ထောင်စုစိတ်ဓာတ်သည် ထာဝစဉ်ကိန်းအောင်းလျက်ရှိကြောင်း၊ အေးအတူ၊ ပူအမျှ အတူတကွ နေထိုင်လာခဲ့ကြသည့် အစဉ်အလာရှိပြီး စည်းလုံးခြင်းနှင့် ညီညွတ်ခြင်း၏အကျိုးတရားများကို သိရှိလက်ခံကျင့်သုံးလာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုတိုက်ပွဲဝင်နေဆဲကာလ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆိုပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာဖော်ထုတ်ပြသနိုင်ခဲ့ကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကို ပြန်လည်ရယူတည်ဆောက်နိုင်ခဲ့ကြောင်း။

ထို့ကြောင့် နိုင်ငံရေး အဓိပ္ပာယ်လေးနက်ပြည့်စုံသည့် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ပြည်ထောင်စုနေ့ အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရရှိရှိ အမျိုးသားရေးဦးတည်ချက်များချမှတ်ပြီး ထည်ထည်ဝါဝါဂုဏ်ပြု ကြိုဆိုကျင်းပလျက်ရှိကြခြင်းပင် ဖြစ်ကြောင်း။

နိုင်ငံတော်က ယခု ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးပင်ဖြစ်ကြောင်း။

ယခုအခါမှာ နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ သမိုင်းကြောင်း အခြေခံများနှင့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်အပေါ် အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

လမ်းညွှန်မှုပြုထား

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်သည် နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို ညွှန်းပြထားကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် အနာဂတ်၏ ခရီးလမ်းကြောင်းကို အမျိုးသားရေးအမြင်ဖြင့် လမ်းညွှန်မှုပြုထားကြောင်း။

မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှု ခိုင်မြဲနေသည်နှင့် အမျှ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ ရေရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ကြောင်း၊ မိမွေဖမွေဖြစ်သည့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့် တာဝန်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးတိုင်း၏ အမျိုးသားရေးတာဝန်ပင် ဖြစ်ကြောင်း။

လှိုက်လှဲစွာဂုဏ်ပြု

နိဂုံးချုပ်အနေနှင့် နိုင်ငံသူနိုင်ငံသား ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် ပြည်ထောင်စုနေ့ကို လှိုက်လှဲစွာ ဂုဏ်ပြုကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကန်ကြီးထောင့်မြို့နယ်မှ ဒေါက်တာဦးဝင်းမြင့်က အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ တင်ပြရာတွင် နိုင်ငံတစ်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏ အသက်သွေးကြောဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ယခင်က ခေတ်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲခဲ့ရာ ၁၉၄၇ခုနှစ် အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် အခြေခံဥပဒေတို့ဖြစ်ကြောင်း။

အခြေခံဥပဒေရေးဆွဲရာတွင် ပျော့ကွက်ဟာကွက်မရှိရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန် အမျိုးသားညီလာခံကြီးကို ဦးတည်ချက် (၆)ရပ်နှင့်အညီ ၁၉၉၃ ခုနှစ်တွင် ကျင်းပခဲ့ကြောင်း။

ပီပီပြင်ပြင်ချမှတ်နိုင်ခဲ့

ယင်းညီလာခံကြီးကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားခံရသော ပုဂ္ဂိုလ်များအားလုံးစိတ်တူကိုယ်တူ တက်ရောက်ခဲ့ကြကြောင်း၊ ယင်းအမျိုးသားညီလာခံကြီးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် အခြေခံမူ(၁၀၄)ချက်နှင့် အသေးစိတ် အခြေခံရမည့်မူများကို ပီပီပြင်ပြင် ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိပါက နိုင်ငံတော်ဟူ၍ ပီပြင်စွာမရှိနိုင်၊ နိုင်ငံတော်ဟူ၍ ပီပြင်စွာမရှိပါက စနစ်တကျ တိုးတက်သော လူ့အဖွဲ့အစည်းဟူ၍ မရှိနိုင်ဆိုသည့် နိုင်ငံရေးသိပ္ပံပညာရှင်များ၏ အဆိုအမိန့်အရ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်သစ်ပေါ်ပေါက်ရေးတွင် အဓိကကျနေကြောင်း တွေ့ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁

စာမျက်နှာ ၆ မှ

နိုင်ငံတော်အစိုးရသည် မည်သည့်ခေတ်၊ မည်သည့်အခါကမှ မရရှိခဲ့ဖူးသည့် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့နှင့် ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တိုးတက်ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အသီးသီးတို့သည်လည်း မိမိတို့ ဒေသဖွံ့ဖြိုးရေးကို တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း၊ ထို့အပြင်ကျင်းပဆဲ အမျိုးသား ညီလာခံကြီး၌ ပြည်ထောင်စုဖွား တိုင်းရင်းသားကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်လာရေး သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြပြီလည်း ဖြစ်ကြောင်း။

ညှိနှိုင်းဆွေးနွေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် နိုင်ငံတော်အတွင်းရှိ နယ်ပယ် ကဏ္ဍစုံ၊ အလွှာစုံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးနေကြသည့်အမျိုးသားညီလာခံကြီးကို ကျင်းပပေးရာ၌ ကိုယ်စားလှယ်တော်ကြီးများသည် တိုင်းရင်းသားများအတွက် ယခင်က မရရှိဖူးခဲ့သည့် အခွင့်အရေးများကို တတ်နိုင်သမျှ မျှမျှတတ ရရှိစေရန် အဘက်ဘက်က စဉ်းစားပြီး အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းတိုင်ပင်ဆွေးနွေးချမှတ်လျက်ရှိနေကြကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်မှာ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပပြီး အမျိုးသားညီလာခံကြီးက အသေးစိတ်အခြေခံမူများ ချမှတ်ပေးပြီးနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေး ပြည်သူလူထု၏ သဘောထားဆန္ဒခံယူအတည်ပြုရေး၊နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကျင်းပရေးစသည့် လုပ်ငန်းစဉ်များဆက်လက် ဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း။

ကြိုဆိုထောက်ခံ

အချုပ်အားဖြင့် ပြန်လည်ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးတွင် အချိန်ကိုအကျိုးရှိဆုံး အသုံးချပြီး နိုင်ငံတော်အတွက် အကြံဉာဏ်များကို အညီညွတ်ဆုံး ပေးကြရမည့် ပုဂ္ဂိုလ်များမှာ ညီလာခံကိုယ်စားလှယ်ကြီးများပင်ဖြစ်ကြောင်း၊ ထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (မူကြမ်း)အပေါ်ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ပြုပြင်မွမ်းမံပေးကြရမည့်တာဝန်များသည် တိုင်းရင်းသားပြည်သူအားလုံး၏တာဝန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်မှ ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ပြည်သူများ လိုလားတောင့်တလျက်ရှိသည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံမူများချမှတ်ပေးမည့် အမျိုးသားညီလာခံကြီးချောမောအောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုကြီး တစ်ရပ်လုံး လက်တွဲပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်နှင့် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီး ချောမောအောင်မြင်ပါစေကြောင်းဆုမွန်ကောင်းတောင်းရင်း အမျိုးသားညီလာခံကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံကြောင်းဖြင့် တင်ပြသည်။

ဆက်လက်၍ ပုသိမ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးစိုးဝင်းက ပုသိမ်ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြရာတွင် မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်နှင့် အသင်းကြီး၏ အန္တိမရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် ကြိုးစားဆောင်ရွက်နေကြသည့် အသင်းဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့် နေရာတွင် အသင်းကြီးအနေနှင့် နောင်အနာဂတ်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များကိုလည်း အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်ကောင်းများဖြစ်ရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည့် မျိုးဆက်သစ်တို့၏အသင်းကြီးလည်းဖြစ်ကြောင်း။

မိမိတို့ ပုသိမ်ခရိုင်တွင် လူဦးရေ ၁၈သိန်းကျော်ရှိသည့်အနက် ကိုးသိန်းရှစ်သောင်းကျော် သည် အသင်းဝင်များဖြစ်၍ ခရိုင်အတွင်း လူဦးရေ၏ ၅၃ဒသမ ၉၀ ရာခိုင်နှုန်းကို စည်းရုံးရရှိထားပြီး ဖြစ်ကြောင်း။

ပုသိမ်ခရိုင်နှင့် ခုနစ်မြို့နယ် အသင်းအဆင့်ဆင့်သည် အသင်းကြီးစတင်ဖွဲ့စည်းခဲ့သည်မှ ၁၁နှစ်ကာလအတွင်းပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းဝင်များ၏ လုပ်အားများ၊ အသင်းရန်ပုံငွေများဖြင့် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထုများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ဘက်စုံထောင့်စုံမှ ဆောင်ရွက်ခဲ့ကြကြောင်း။

ပညာရည်မြင့်မားရေး

ခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်း ၂၆ကျောင်းမှာ Language Lab စာသင်ခန်းများ၏ စာသင်ခုံများပြုလုပ်နိုင်ရေးအတွက် သစ်၊ အထပ်သားနှင့် မှန်တို့လှူဒါန်းနိုင်ခဲ့ကြောင်း၊ မူလတန်းကျောင်း ၈၄ကျောင်း အသစ်ဆောက်လုပ်ပေးခြင်း၊ ၂၆၁ ကျောင်းအား ပြုပြင်ဆောက်လုပ်ခြင်းတို့ကိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် နှစ်စဉ်ကျောင်းနေအရွယ် ကလေးများကျောင်းအပ်နှံရေး၊ထူးချွန်ကျောင်းသားများအတွက် ပညာသင်စရိတ် ထောက်ပံ့ခြင်း၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာ၊ပရိဘောဂများ လှူဒါန်းခြင်း၊ ခရိုင်အတွင်းအားကစား၊ စာပေ၊ အနုပညာ ထူးချွန်လူငယ်များကိုလည်း နှစ်စဉ်ကျင်းပသည့် အသင်းအဆင့်ဆင့် သင်းလုံးကျွတ်အစည်းအဝေးပွဲများတွင် ဂုဏ်ပြုဆုချီးမြှင့်ခြင်းတို့ဖြင့် ပညာရည် မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက် ရှိကြောင်း။

ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးကုဆရာဝန်ကြီးများ၊ အသင်းအလုပ်အမှုဆောင် ဆရာဝန်များနှင့် အခမဲ့ နယ်လှည့်ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရပ်ကွက်၊ ကျေးရွာပေါင်း ၈၅ခု၌ လူနာပေါင်း ၁၀၂၂၃ဦးအား ဆေးကုသဆောင်ရွက်နိုင်ခဲ့ပြီး ဒေသ၏ကျန်းမာရေးလိုအပ်ချက်များကို ဆန်းစစ်တင်ပြနိုင်ခဲ့ကြောင်း။

ထို့အပြင် ဆေးခန်းအသစ် ၁၇ ခန်း ဆောက်လုပ်ခြင်း၊ ၃၉ခန်းကို ပြုပြင်ဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး

အသင်း နာယကကြီးဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်နှင့်မြို့ပြကွာဟမှု မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ယင်းလမ်းညွှန်ချက်နှင့်အညီ အသင်းအဆင့်ဆင့်က ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရာတွင် အသစ် ၃၉လမ်း၊ ပြုပြင်ခြင်း ၅၁ လမ်း စုစုပေါင်းအရှည် ၁၄၉ ဒသမ ၂ မိုင်ကို ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ တံတား ဆောက်လုပ်ခြင်းမှာလည်း အသစ်၆၉စင်း၊ ပြုပြင်ခြင်း၄၂စင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာရေရရှိရေးတွင် ရေတွင်း၆၆တွင်းနှင့်ရေကန် ၇၉ကန်တို့ကို အသစ်တူးဖော်ပေးခဲ့ပြီး ရေကန် ၁၅ကန်ကို ပြုပြင် ပေးနိုင်ခဲ့ကြောင်း၊ သွားလာ ဆက်သွယ်ရေး လွယ်ကူ လျင်မြန်စေရန်အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည့် ခရိုင်တွင်း ထင်ရှားသောသာဓကများကို တင်ပြရလျှင်၂၀၀၄ခုနှစ်မတ်လက ပြီးစီးဖွင့်လှစ်ခဲ့သည့် ပုသိမ်လေယာဉ်ပြေးလမ်းသစ်ကြီးမှာ အလျား ပေ ၁၂၀၀၀ xအကျယ်ပေ ၂၀၀ ကွန်ကရစ်ပြေးလမ်းအဖြစ် တည်ဆောက်ထားသည်ဖြစ်၍ နိုင်ငံတကာစံချိန်မီအဆင့်မြင့်လေယာဉ်ပြေးလမ်းတစ်ခုဖြစ်ကြောင်း၊ ခေတ်မီလေယာဉ်ကြီးများ ဆင်းသက်နိုင်ပြီး အချိန်တိုအတွင်း လေယာဉ်ဖြင့် လျင်မြန်စွာသွားလာနိုင်ပြီဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါထင်ရှားသည့် ဆောင်ရွက်မှုဖြစ်ကြောင်း။

ဒုတိယ သာဓကအဖြစ် ၂၀၀၃ ခုနှစ် ဇူလိုင်လအတွင်း ဖွင့်လှစ်ပေးခဲ့သည့် ဒါးကတံတား ဖြစ်ကြောင်း၊ ယခင်က ဒါးကတံတားမှာ ကားလမ်းရော၊ ရထားလမ်းပါ ပူးတွဲပါရှိကြောင်း၊ ထို့ကြောင့်လည်း ရထားဖြတ်သန်းချိန်များနှင့် ကျောင်းကုန်းဘက်မှကားများ ဖြတ်ကူးချိန်တွင် ကန်ကြီးထောင့်ဘက်မှ ကားများ ကန်ကြီးထောင့်ဘက်မှ ဖြတ်ကူးချိန်တွင် ကျောင်းကုန်းဘက်မှကားများ ရပ်တန့် စောင့်ဆိုင်းနေရခြင်းများကြောင့် အချိန်ကြန့်ကြာမှု အခက်အခဲ ကြုံတွေ့ကြရကြောင်း၊ ယခုအချိန်တွင် ပေပေါင်း ၁၄၀၀ ရှည်သည့် ဒါးက တံတားသစ်ကြီး ပေါ်ထွန်းလာပြီဖြစ်၍ စောင့်ဆိုင်းကြန့်ကြာမှုများမရှိတော့ဘဲ ဆက်သွယ်သွားလာရေး အလွန်ကောင်းမွန်လာပြီး ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရပြီဖြစ်ကြောင်း။

အချိန်တိုတိုသွားလာနိုင်

ထို့ပြင်မကြာသေးမီက ဖွင့်လှစ်ခဲ့ပြီး အရှည်ပေ ၂၁၄၀ xအကျယ် ၂၈ ပေရှိသည့် ပုသိမ်တံတားသစ်ကြီး၏ အကျိုးကျေးဇူးကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသော ငဝန်မြစ် အနောက်ဘက်ကမ်းဒေသများ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သကဲ့သို့ ဒေသစုံက ငွေဆောင်၊ ချောင်းသာကမ်းခြေတွင် အပန်းဖြေရန် လာရောက်ကြသည့် ဧည့်သည်တော်များ အချိန်တိုတိုနှင့် သက်သက်သာသာ သွားလာနိုင်ကြပြီ ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ ဒါးကတံတားအနီးရှိ ရွှေဇရာကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့အပြင် သာပေါင်းမြို့နယ်တွင် တည်ဆောက်ပေးထားသည့် စက္ကူပျော့ဖတ်စက်ရုံကြီးမှာ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်ရရှိရေး၊ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာ အထောက်အကူပြုလျက်ရှိကြောင်း၊ အသင်းကြီးမှလည်း ဒေသခံအသင်းဝင်ပေါင်းများစွာကို အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ယင်းအားလုံးသည် နိုင်ငံတော်က ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများပင်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြက်၊ဝက်မွေးမြူရေး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို အသင်းနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

စိုက်ပျိုးရေးအထောက်အကူအဖြစ် တောင်သူများ စပါးစိုက်ပျိုးရေးလုပ်ငန်းအတွက် ဓာတ်မြေဩဇာများအား စက်ရုံမှ မြို့နယ်အရောက်သယ်ပို့ပေးခြင်းလုပ်ငန်း၊ ပိုးသတ်ဆေးဖျန်းပက်ခြင်းလုပ်ငန်း၊ စပါးရိတ်သိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထောက်အကူပြုသင်တန်းများကိုလည်းဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ကျေးလက်မီးလင်းရေး

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အားထုတ်ဆောင်ရွက်ခဲ့ရာတွင် ကျေးလက် ဒေသမီးလင်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာရှိ စပါးခွံလောင်စာသုံး မီးစက်နှင့် ငပုတောမြို့နယ် သဃ်န်းကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးစက်တို့ကို ငွေကျပ် နှစ်သိန်းစီ ပံ့ပိုးပေးနိုင်ခဲ့ပြီး အခြားမြို့နယ်များရှိ ကျေးရွာများမှာလည်း ကျေးလက် မီးလင်းရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့ အသင်းအဆင့်ဆင့်သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရာတွင် ရှေ့လုပ်ငန်းစဉ်များ ချမှတ်လျက်လုပ်ငန်းစဉ်များ အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် တိုင်း၊ခရိုင်၊ မြို့နယ်အသင်းအဆင့်ဆင့်၏ တင်ပြတောင်းခံမှုနှင့် ဒါးကမြို့ဝင်လမ်းကို အရှည်ပေ၉၀၀ x အကျယ် ၁၄ပေနှင့် ကတ္တရာလမ်းအဖြစ် မကြာမြင့်မီတွင် စတင်ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း။

အောင်မြင်အောင်ဆောင်ရွက်

နိဂုံးချုပ်အားဖြင့် ဧရာဝတီတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်သည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်ပေးကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့်ကျေးလက် ကွာခြားချက်မရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုတင်ပြသည့် လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တက်ရောက်လာသော အသင်းဝင်များအနေနှင့် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မိတ်ဖက် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူပူးပေါင်းကာ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ပုသိမ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်ထွေးမေက အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦးတို့တင်ပြသွားသော ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ပုသိမ်ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် ထောက်ခံဆွေးနွေးသည်။

အတည်ပြုဆုံးဖြတ်

ယင်းနောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တင်ပြချက်များကိုအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထု၏ ဆန္ဒသဘောထားအရ သဘောတူကြောင်း တစ်ခဲနက် ဆန္ဒပြုကြသည့်အတွက် ဤအခမ်းအနားက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလေးများက **'ပြည်မြန်မာ'**သီချင်းနှင့် **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းတို့ကို ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက်၉နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၆-၂-၂၀၀၅
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်
"သခ်ံတမှ အသခ်ံတသို့"

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံအနာကြီးရောဂါကင်းဝေးရေးနေ့အထိမ်းအမှတ်ဇာတ်လမ်း
"ကောင်းခြင်းဝေဖြာ"
သရုပ်ဆောင်-အကယ်ဒမီ ထွန်းထွန်းနိုင်၊ အကယ်ဒမီ မြင့်မြင့်ခိုင်၊ ရန်ပိုင်စိုး၊ ခင်မို့မို့အေး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ ချစ်စန်းဦး
၄:၄၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ရင်မှာတိုးဝှေ့ မွေးနေဆဲ"
(အပိုင်း-၂)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မြန်မာ့ရှုခင်း
၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၇။ °English Premier League ဘောလုံးပွဲ
Chelsea Vs
Manchester City

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော ရခိုင်ပြည်နယ်

သီဟအောင်

ရခိုင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်ဘက် အစွန်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းသည်။ ရခိုင်၊ ဗမာတိုင်းရင်းသားများနှင့် ချင်း၊ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ကမန်စသော တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၃၀၄၅၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၂၁၅ ယောက်ဖြစ်သည်။

ပင်လယ် ကမ်းရိုးတန်းနှင့် ရိုးမ တောင်တန်းကြားတွင် တည်ရှိသော ပြည်နယ်ဖြစ်သည်။ ပျမ်းမျှ အမြင့်ပေ ၃၀၀၀ ရှိသော ရခိုင်ရိုးမသည် မြောက်ပိုင်းတွင်မြင့်ပြီး တောင်ပိုင်းသို့ နိမ့်ဆင်းသွားသည်။ နတ်မြစ်၊ မေယုမြစ်၊ကစ္ဆပနဒီမြစ် စသည်တို့နှင့်၊ မအီ၊ တန်းလွဲ၊ တောင်ကုတ်၊ သံတွဲ၊ ကျိန်တလီနှင့် ဂွချောင်းတို့သည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းသည်။ စစ်တွေ လွင်ပြင်သည် အကျယ်ပြန့်ဆုံးလွင်ပြင်ဖြစ်ပြီး ဖရုံကာ၊ ရမ်းဗြဲ၊ မာန်အောင်ကျွန်းများနှင့် ကျွန်းငယ်များရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၅ ခုနှစ် နိုဝင်ဘာလကကျင်းပသည့် အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးတွင်–

“ရခိုင်ပြည်နယ်သည် ဆက်သွယ်ရေးခက်ခဲသော ဒေသတစ်ခုဖြစ်ပြီး ပြည်သူအများစုသည် ရေလမ်းကြောင်း ကိုသာ အဓိကထားသွားလာနေရကြောင်း၊ ရခိုင်ပြည်နယ် စစ်တွေဒေသသည် နယ်စပ်ဒေသ မဟုတ်သော်လည်း ဆက်သွယ်သွားလာနိုင်သော လမ်းကြောင်းနည်းပါးနေကြောင်း၊ နှစ်ပေါင်းကြာမြင့်စွာ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သော်လည်း ယင်းဒေသသည် အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်သည့် လမ်းကြောင်းများ တိုးတက်ကောင်းမွန်မှု မရှိခဲ့ကြောင်း၊ မိမိတို့လက်ထက်တွင် နယ်မြေဒေသ အသီးသီး တိုးတက်မှုရှိစေရန်၊ ဒေသတစ်ခုနှင့်တစ်ခုအကြား တိုးတက်မှု ကွာဟနေသည်ကို လျော့နည်းစေရန် အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ရန်ကုန်–စစ်တွေဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကားလမ်းဖောက်လုပ်သွားရမည်ဖြစ်ကြောင်း၊ တောတောင်ချောင်းမြောင်း ပေါများသည့်အတွက် ယင်းလမ်းကို ခက်ခက်ခဲခဲဖောက်လုပ်ရမည်ဖြစ်ကြောင်း” လမ်းညွှန်မှာကြားခဲ့သည်။

တပ်မတော်အစိုးရသည် ပြည်ထောင်စုကြီးအတွင်း အေးအတူပူအမျှ အတူတကွ ပူးပေါင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံး၏ လူနေမှုအဆင့်အတန်းကို ဖြစ်နိုင်သမျှ တစ်ပြေးညီမြင့်မားအောင် မိသားစုစိတ်ဓာတ်ဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။

ယင်းသို့ ကျောသားရင်သားမခွဲခြား၊ ပြည်နယ်ပြည်မ တစ်တန်းတည်းထားပြီး လမ်းတံတားလိုသော နေရာတွင် လမ်းတံတား၊ ဆည်တမံလိုသော နေရာတွင် ဆည်တမံ၊ ဆေးရုံဆေးပေးခန်း လိုသောနေရာတွင် ဆေးရုံဆေးပေးခန်း စသည်ဖြင့် ခေတ်အဆက်ဆက်က ချန်ရစ်ခဲ့သော ကွက်လပ်များစွာကို ဖြည့်ဆည်းပေးနေသဖြင့် ညီနောင်ပြည်နယ်/တိုင်းများနှင့် ဆက်စပ်ယှဉ်တွဲလျက် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်၏ ယခင်နှင့်ယခု နှိုင်းယှဉ်မှုကို မှတ်တမ်းပြု တင်ပြအပ်ပေသည်။

စိုက်ပျိုးရေး

နယ်မြေ၏ လေးပုံတစ်ပုံခန့်၌သာ ဆန်စပါးစိုက်ပျိုးနိုင်သော ရခိုင်ပြည်နယ်တွင် စိုက်ပျိုးရေးစွမ်းအား ပိုမို ထွန်းကားအောင် ဖော်ဆောင်ပေးနေသည်။ စိုက်ဧက အပြည့်အဝရရှိရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံ စိုက်စွမ်းအား တိုးမြှင့်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ သမားရိုးကျ စပါးတစ်သီးသာ စိုက်ပျိုးခဲ့ရာမှ နွေစပါးစိုက်ပျိုးရေး အစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်စေသည်။

ပြည်နယ်အတွင်း စိုက်ပျိုးရေ ပိုမိုရရှိရေးအတွက် တောင်ကုတ်မြို့နယ်တွင် ကြိုးကြာကွင်း ရေလှောင်တမံ၊ ဂွမြို့နယ်တွင် ကန်သာယာရေလှောင်တမံနှင့် ရဟိုင်းကွင်း ရေလှောင်တမံ တို့ကိုလည်းကောင်း၊ သောက်သုံးရေ ပေးဝေ နိုင်ရေးအတွက် အမ်းမြို့နယ်တွင် ဟင်းရွက်ရေလှောင်တမံကို လည်းကောင်း တည်ဆောက်ပေးခဲ့သည်။ ကျောက်တော်မြို့နယ်တွင် စိုက်ပျိုးမြေဧက ၄၀၀၀ကို အကျိုးပြုမည့် ပြိုင်းချောင်း ရေလှောင်တမံကို တည်ဆောက်ပေးလျက်ရှိပြီး ထပ်မံ၍ ဇီးချောင်း ရေလှောင်တမံကို တည်ဆောက်ပေးသွားဦးမည်ဖြစ်သည်။

ထို့အပြင် မြစ်ရေတင် လုပ်ငန်း သုံးခုနှင့် ချောင်းမြောင်းတမံပိတ်ဆို့မှု အစုစုတို့ဖြင့် အကျိုးပြုစိုက်ပျိုးမြေ တိုးပွားအောင် ဖော်ဆောင်ပေးခဲ့သဖြင့် ရခိုင်ပြည်နယ်၏သီးထပ်ဧရိယာ ၁၀ဆကျော် မြင့်မားလာသည်။ စပါးစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်ပြီး ဒေသဝမ်းစာဖူလုံမှု ၁၄၃ ရာခိုင်နှုန်းအထိ ရှိနေသည်။

ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်မှု မြင့်တက်လာသည်။ ရေမြေဒေသနှင့်ကိုက်ညီသည့် ငရုတ်ကောင်းနှင့် နှစ်ရှည်ပင်ရော်ဘာကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်က ပံ့ပိုးအားပေးနေသဖြင့် စိုက်ဧကများ ဆပွား တိုးတက်လျက်ရှိသည်။

ရေမြေသဘာဝ သယံဇာတ အခြေအနေကောင်းသော ရခိုင်ပြည်နယ်တွင် နိုင်ငံတော်က စိုက်ပျိုးရေးအခြေခံ အဆောက်အအုံများ တည်ဆောက်ပေးပြီး အဘက်ဘက်မှ အားပေးမြှင့်တင်နေသဖြင့် ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍသည် အလားအလာကောင်းများဖြင့် ၁၉၈၈ ခုနှစ်ကာလကထက် များစွာမြင့်မားတိုးတက်နေကြောင်း အောက်ပါဇယားတွင် လေ့လာတွေ့ရှိနိုင်ပေသည်–

တစ်ဧကအထွက်နှုန်း–တင်း
စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
– ဆည်၊ကန်၊တာတမံ၊ရေနုတ်	၂၆	၃၂	၆
– မြစ်ရေတင်လုပ်ငန်း	မရှိ	၃	၃
– ချောင်းမြောင်းတမံပိတ်ဆို့မှု	မရှိ	၇၃၄	၇၃၄
– စုစုပေါင်းအကျိုးပြုဧက	၈၂၆၉၁	၁၃၆၉၈၈	၅၄၂၉၇
သီးထပ်ဧကဖြစ်ထွန်းမှု	၂၈၄၀၁	၃၆၁၉၃၆	၃၃၃၅၃၅
စပါးတိုးမြှင့်စိုက်ပျိုးမှု			
– မိုးစပါးစိုက်ဧက	၇၉၀၉၉၀	၁၀၀၃၄၇၄	၂၁၂၄၈၄
– တစ်ဧကအထွက်နှုန်း	၅၂.၂၇	၆၇.၅၅	၁၅.၂၈
– နွေစပါးစိုက်ဧက	မရှိ	၁၂၃၆၃	၁၂၃၆၃
– တစ်ဧကအထွက်နှုန်း	မရှိ	၈၀.၀၀	၈၀.၀၀
– စုစုပေါင်းထုတ်လုပ်မှု	၄၄၁၆၅	၆၈၇၇၅	၂၄၆၁၀
– ဒေသဝမ်းစာဖူလုံမှု	–	၁၄၃	၁၄၃
ပဲမျိုးစုံစိုက်ဧက	၂၈၁၆	၁၅၄၉၄၈	၁၅၂၁၃၂
ရော်ဘာစိုက်ဧက	၂၀၁၅	၇၈၂၀	၅၈၀၅
ငရုတ်ကောင်းစိုက်ဧက	၂၃၄	၁၆၃၀၉	၁၆၀၇၅
ဆီထွက်သီးနှံစိုက်ဧက			
– မြေပဲ	၁၂၆၄၈	၅၉၂၅၈	၄၆၆၁၀
– နှမ်း	၂၀၉၈	၃၇၇၃	၁၆၇၅
– နေကြာ	၆၅	၁၀၅၉	၉၉၄
– မုန်ညင်း	၁၂၈၁၅	၉၄၅၀၀	၈၁၆၈၅
– ပန်းနှမ်း	မရှိ	၁၉၃	၁၉၃

မွေးမြူရေးနှင့်ရေလုပ်ငန်း

ပြည်နယ်သူပြည်နယ်သားများအတွက် ဒေသထွက်ကုန် သားငါးဖူလုံစေရန် အတွက် ရခိုင်ပြည်နယ်၏ တိရစ္ဆာန် မွေးမြူရေးကို အားပေးမြှင့်တင်ခဲ့သည်။ ၁၉၈၈ ခုနှစ်ကာလက အသားကဏ္ဍ၌ တိရစ္ဆာန်ကောင်ရေ သိန်း၂၀ မျှသာ မွေးမြူနိုင်ခဲ့ရာမှ ယခုအခါ ကောင်ရေ သိန်း ၄၀ကျော်အထိ တိုးမြှင့် မွေးမြူထားသည်။

မျက်မှောက်ခေတ်၌ ရခိုင်ပြည်နယ်၏ ထူးခြားသော ဖွံ့ဖြိုးတိုးတက် မှုတစ်ခုမှာ ရေချိုရေငံ ပုစွန်မွေးမြူရေးလုပ်ငန်းဖြစ်သည်။ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အတွက် ရခိုင်ပြည်နယ်၏ ပုစွန်မွေးမြူထုတ်လုပ်မှုမှာ အားတက်ဖွယ်ကောင်းလှသည်။ ယခင်ကာလက ပုစွန်မွေးမြူမှုမရှိသော ရခိုင်ပြည်နယ်တွင် ယနေ့ခေတ်၌ နိုင်ငံတော်၏ အားပေး ကူညီမှုဖြင့် ပုစွန်မွေးရေပြင်ဧက ၁၅၅၅၃၃ အထိ ရှိနေပေသည်။

* စတုရန်းမိုင်

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၆၄၅	၈၁၇	၁၇၂
ကြိုးပြင်ကာကွယ်တော*	မရှိ	၁၂၂၆	၁၂၂၆
သဘာဝနယ်မြေဧရိယာ*	မရှိ	၆၇၇.၈၈	၆၇၇.၈၈
သစ်တောစိုက်ခင်းထူထောင်ခြင်း (ဧက)	**၁၄၀၀**	**၅၅၄၀၅**	**၅၄၀၀၅**
– စီးပွားရေးစိုက်ခင်းဧက	၁၃၅၀	၄၈၁၄၅	၄၆၇၉၅
– ကျေးရွာသုံးစိုက်ခင်းဧက	၅၀	၇၂၁၀	၇၁၆၀
– စက်မှုကုန်ကြမ်းစိုက်ခင်းဧက	မရှိ	၇၅၀	၇၅၀
– ရေဝေရေလဲစိုက်ခင်းဧက	မရှိ	၅၀	၅၀
သစ်ဆိမ့်ပင်စိုက်ခင်းဧက	မရှိ	၆၀၀	၆၀၀

သစ်တောပြုစုပျိုးထောင်မှု

ရခိုင်ပြည်နယ်၏ သစ်တောပြုစုထိန်းသိမ်းမှုကလည်း အခြားကဏ္ဍများနှင့်အတူ ထက်ကြပ်မကွာလိုက်ပါ တိုးတက်နေသည်။ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများ တိုးမြှင့်သတ်မှတ်နိုင်ပြီး သဘာဝနယ်မြေဧရိယာ တိုးတက်ဖြစ်ထွန်းလာသည်။ သစ်တောစိုက်ခင်း ထူထောင်မှုတွင် ယခင် စိုက်ခင်း ဧကတစ်ထောင်ကျော်မျှသာ ရှိခဲ့ရာမှ ယခုဧကငါးသိန်းခွဲကျော်အထိ ဆပွားမြင့်တက်နေသည်။ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုကလည်း အားကောင်းလှသည်။ ၁၉၈၈ ခုနှစ်က လူထုလှုပ်ရှားမှုဖြင့် ပျိုးပင် တစ်သိန်းခန့်သာ စိုက်ပျိုးနိုင်ခဲ့ပြီး မျက်မှောက်ခေတ်၌ ပျိုးပင်ရှစ်သန်းကျော်ကို တပျော်တပါး စိုက်ပျိုးထားသည်။ အထက်ပါ သစ်တောပြုစုပျိုးထောင်မှု နှိုင်းယှဉ်ချက်ဇယားသည် ရခိုင်ပြည်နယ်၏ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုး တိုးတက်သည့်သာဓကကို ပြဆိုနေသည်–

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

တောင်ကုန်းထူထပ်ပြီး မြစ်ချောင်းများပြားသော ဒေသဖြစ်၍ ရခိုင် ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှုကို ကိုလိုနီနယ်ချဲ့ခေတ်ကလည်း ၎င်းတို့ အကျိုးစီးပွားမဟုတ်၍ မသိချင်ယောင်ဆောင်နေခဲ့သည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်း ခေတ်များ၌လည်း မတတ်သာသလို ခပ်ခွာခွာနေခဲ့ကြသည်။

ယနေ့ တပ်မတော်အစိုးရသည် ပြည်နယ်(၇)ပြည်နယ် ပိုမိုစည်ပင် ကြွယ်ဝလှပအောင် မည်ကဲ့သို့ ခြယ်မှုန်းပေးရမည်၊ တိုင်း(၇)တိုင်း ပိုမိုကြွခိုင် ထွားကျိုင်းအောင် မည်ကဲ့သို့ သိုင်းဝိုင်းပံ့ပိုးပေးရမည်ဆိုသည်ကို စိတ်အစဉ်တွင် ထင်ဟပ်၍ ပုံဖော်အားထုတ် အလုပ်အကျွေးပြုနေသော အစိုးရဖြစ်သည်။

ဤသို့ဖြင့် မျက်မှောက်ခေတ်ရခိုင်ပြည်နယ်၏ လမ်းတံတားကဏ္ဍ သစ်များကို နိုင်ငံတော်က တစ်ကဏ္ဍပြီး တစ်ကဏ္ဍ၊ တစ်ခန်းပြီးတစ်ခန်း အံ့ဖွယ်ဘနန်း ဖွင့်လှစ်ပေးခဲ့သည်။ ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီး ၂၀၂ မိုင် ၃ ဖာလုံခရီးကို ကတ္တရာလမ်းအဖြစ် စတင်ဖွင့်လှစ်သည်။ ဆက်လက်၍ သံတွဲ–ဂွ–ငါးသိုင်းချောင်းလမ်း(မိုင်၁၁၀)၊ အမ်း–ပဒဲကြော–မအီလမ်း(၄၅မိုင်)၊ ရန်ကုန်–တောင်ကုတ်–ကျောက်ဖြူလမ်း (ပြင်ဝန်း–မင်းပြင်အပိုင်း ၄၁မိုင်)၊ တောင်ကုတ်–မအီလမ်း(၄၂မိုင်ခွဲ)တို့ကို မြေလမ်းဖောက်၊ အမာခံတင်၊ ကျောက်ခင်း၊ ကတ္တရာထပ်ပိုး၍ တိုးမြှင့်တည်ဆောက် ဖောက်လုပ် ပေးနေသည်။

မြစ်ချောင်းထူထပ်သော ဒေသကို ဖြတ်သန်းဖောက်လုပ်ရသဖြင့် ရွှံ့နွံများအတွင်း ခက်ခဲပင်ပန်းစွာ အမာခံလမ်းခင်းခဲ့ရသည်။ လမ်းကြောင်းတစ်လျှောက် တံတားကြီးငယ်အသွယ်သွယ်ကို ချိတ်ဆက်တည်ဆောက်ခဲ့ရသည်။ ယခင်က ပေ ၁၈၀ အထက် တံတား ၁၁ စင်းသာရှိခဲ့သော ရခိုင်ပြည်နယ်တွင် ပေ ၁၈၀ အထက် တံတား ၄၇ စင်းအထိ လေးဆကျော်တိုး၍ တည်ဆောက် ပေးခဲ့သည်။

ဒလက်ချောင်း၊ မြောင်းဘွေ၊ ကစ္ဆပနဒီ၊ တန်းလွဲချောင်း၊ လမူးချောင်း၊ မအီချောင်း၊ စနဲပေါက်၊ လုံးတော်ပေါက်၊ ဒီးဒုတ်ပေါက်၊ ကိုင်းရှည်၊ ပီကောက်၊ မင်းချောင်း၊ ရာမောင်၊ ယောချောင်း၊ ဆပ်သွားနှင့် သံသမကြီး တံတားကြီးများသည် နိုင်ငံတော်က ရခိုင်ပြည်နယ်အတွက် အထူးစီမံကိန်းဝင် တံတားကြီးများအဖြစ် ဆောလျင်စွာ ပြီးမြောက်အောင် တည်ဆောက်ပေးခဲ့သော တံတား ကြီးများဖြစ်သည်။

လတ်တလော တည်ဆောက်နေဆဲ တံတားကြီးလေးစင်း ရှိနေသေး သည်။ ရန်ကုန်–ကျောက်ဖြူလမ်းမကြီး တစ်လျှောက် ရမ်းဗြဲမြို့နယ်အတွင်း၌ မင်းကြောင်းချောင်းကို ဖြတ်သန်းတည်ဆောက်နေသည့် အရှည် ၂၇၀၄ ပေရှိ မင်းကြောင်းချောင်းတံတား၊ သံသမချေချောင်းကို ဖြတ်သန်းတည်ဆောက်နေ သည့် အရှည် ၇၀၃ ပေရှိ သံသမချေတံတား၊ သဇင်တန်ပေါက်ချောင်းကို ဖြတ်သန်းတည်ဆောက်နေသည့် အရှည် ၅၉၂ ပေရှိ သဇင်တန်ပေါက်တံတားနှင့် ရန်ကုန်–စစ်တွေလမ်းမကြီးပေါ်တွင် စစ်တွေမြို့နယ်၌ ကျောက်တန်းချောင်းကို ဖြတ်သန်းတည်ဆောက်နေသည့် ကျောက်တန်း တံတားတို့ ဖြစ်သည်။ ဆက်လက်၍ ရန်ကုန်–ကျောက်ဖြူလမ်းပေါ်တွင် ဝန်ဖိုက်အမည်ရှိ တံတား တစ်စင်း ထပ်မံပေါ်ထွန်းလာပေဦးမည်။

မျက်မှောက်ခေတ်တွင် ပြည်ထောင်စုကြီး၏ ငြိမ်းချမ်းသော ရင်ခွင်ထက်မှ အခြားညီနောင် ပြည်နယ်/တိုင်းများနှင့် အတူ ဝင့်ကြွားထိုးထွက်လျက် မြင့်မားတိုးတက်နေသော ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးမှု အလုံးစုံကို အထက်ပါ နှိုင်းယှဉ်ချက် ဇယားက မော်ကွန်းတင်လျက် ရှိနေပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကားလမ်းများတိုးချဲ့ဖောက်လုပ်မှု	**၄၄၈/၀**	**၈၉၇/၁**	**၄၄၉/၁**
– ကတ္တရာလမ်း	၁၆၃/၀	၅၄၇/၀	၃၈၄/၀
– ကျောက်ခင်းလမ်း	၁၃၅/၀	၂၃၀/၀	၉၅/၀
– မြေသားလမ်း	၂၀/၀	၁၁၉/၅	၉၉/၅
တံတားများတိုးချဲ့တည်ဆောက်မှု			
– ပေ(၁၈၀)အထက်တံတား	၁၁	၄၇	၃၆
– ပေ(၁၈၀)အောက်တံတား	၁၄၂	၃၂၆	၁၈၄
လေကြောင်းပို့ဆောင်ရေး			
– လေယာဉ်ကွင်းများ	၇	၇	–
– ပြေးလမ်းပေ(၅၀၀၀)အထက်	၁	၃	၂
– ပြေးလမ်းပေ(၅၀၀၀)အောက်	၆	၄	အဆင့်မြှင့်တင်

ဆက်သွယ်ရေး

ပို့ဆောင်ရေးနှင့် လမ်းပန်း ဆက်သွယ်ရေးအင်အား ကြံ့ခိုင်မြင့်မားလာသော ရခိုင်ပြည်နယ်၏ဆက်သွယ်ရေးစွမ်းအားကိုလည်း နိုင်ငံတော်က ပိုမိုထက်မြက် သွက်လက်စေခဲ့သည်။ ပြည်နယ်၏ ၁၉၈၈ ခုနှစ်ကာလ ဆက်သွယ်ရေးကဏ္ဍ အခြေအနေနှင့် ယနေ့ ဆက်သွယ်ရေးကဏ္ဍ အနေအထားကို တစ်ဖက်ပါနှိုင်းယှဉ်ချက်ဇယားတွင် ကြည့်ရှုလေ့လာနိုင်သည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၆၁	၈၁	၂၀
ကြေးနန်းရုံး	၁၉	၂၅	၆
ဖက်စ်စီမီလီ	၁	၃၀	၂၉
ကွန်ပျူတာကြေးနန်း	မရှိ	၂	၂
တယ်လီဖုန်းလုပ်ငန်း			
– တယ်လီဖုန်းရုံး	၁၇	၄၃	၂၆
– လိုင်းအင်အား	၁၈၅၀	၇၁၃၄	၅၂၈၄
– အိတ်ချိန်း	၁၇	၃၅	၁၈
– တိုက်ရိုက်လိုင်း	၁၆၂၁	၆၂၁၂	၄၅၉၁

စာမျက်နှာ ၁၀ ကော်လံ ၁

၁၉၈၈ ခုနှစ်နောက်ပိုင်း

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

၂၉–၁၀–၂၀၀၂ ရက်နေ့က ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ဖွင့်လှစ်ပေးခဲ့သော မြို့နေလူဦးရေ တစ်သိန်းအတွက်တစ်နှစ် ပတ်လုံး သောက်သုံးရေပေးဝေနိုင်သည့် ဟင်းရွက်ရေလှောင်တမံကို ဤသို့တွေ့ရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့၌ တည်ဆောက်ထားသော အစိုးရ နည်းပညာကောလိပ်(စစ်တွေ)၏ ပင်မဆောင် (သုံးထပ်ဆောင်)ကို ဤသို့ ခံ့ညားထည်ဝါစွာတွေ့ရသည်။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

၂၀၀၁ ခုနှစ် နိုဝင်ဘာ ၁၈ ရက်က ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် ဖွင့်လှစ်ပေးခဲ့သည့် အရှည်ပေ ၉၄၀ ရှိ မအီချောင်းတံတားကို ဤသို့တွေ့ရသည်။

စာမျက်နှာ ၈ မှ

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
– အော်တို/လက်သုံးတယ်လီဖုန်း	၁၆၂၁	၆၂၁၂	၄၅၉၁
– တယ်လီဖုန်းသိပ်သည်းဆ	၀.၈၅	၂.၁၂	၁.၂၇
မိုက္ကရိုဝေ့ဖ်စခန်း	၇	၁၄	၇
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၈	၈
အီးမေးလ်၊အင်တာနက်	မရှိ	၁	၁
ဂြိုဟ်တုဆက်သွယ်ရေးစခန်း			
– DOMSAT	မရှိ	၁	၁
– iPSTAR	မရှိ	၂	၂

* (လူ၁၀၀၀လျှင်)

လျှပ်စစ်စွမ်းအား

တောင်တန်းများ ကာဆီးနေလျှင် လမ်းဖောက်၍ ကျော်ဖြတ်မည်။ ထိုမျှမက ထိုထိုသော တောင်တန်းတစ်ခွင်ကို သစ်တောသစ်ပင် စိုက်ပျိုးပင်များဖြင့် အလှဆင်ပေးဦးမည်။ မြစ်ချောင်းများ ဆီးတားနေလျှင် တံတားဆောက်၍ ဖြတ်သန်းမည်။ ထိုမျှမက ထိုထိုသော မြစ်ချောင်းများ၏ ရေစီးအားကို လျှပ်စစ်စွမ်းအားအဖြစ် ထုတ်ယူအသုံးချသွားမည်။ ယင်းသည် တပ်မတော်အစိုးရ၏ တည်ဆောက်ရေး သန္နိဋ္ဌာန်နှင့် ပြည်သူ့အကျိုးပြုအားမာန် ဖြစ်သည်။

ရခိုင်ပြည်နယ်၌ လမ်းအသွယ်သွယ်ဖောက်၍ တံတားအစင်းစင်းခင်းပေးနေချိန်နှင့် တစ်ပြိုင်တည်းမှာပင် သံတွဲမြို့နယ်၌ မဂ္ဂါဝပ် ၁၀၀ ထုတ်ယူရရှိနိုင်မည့် သူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် အမ်းမြို့နယ်၌ ၁၅ မဂ္ဂါဝပ် ထုတ်ယူရရှိမည့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းတို့ကို စတင် ဖော်ဆောင်ပေးနေသည်။

ရေအားလျှပ်စစ် စီမံကိန်းနှစ်ခု ဆောင်ရွက်ပြီးစီးချိန် ရခိုင်ပြည်နယ်၏ လျှပ်စစ်စွမ်းအား ဆပွားတိုးလာမည် ဖြစ်ကြောင်းကို အောက်ပါနှိုင်းယှဉ်ချက်ဇယားက ဖော်ပြနေသည်–

ဓာတ်အားသုံးစွဲမှု–ယူနစ်(သန်း) * မဂ္ဂါဝပ်

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု	၄.၁၁၁	၉.၃၅၀	၅.၂၃၉
အမြင့်ဆုံးဝန်အား*	၆.၃၀၀	၈.၂၀၀	၁.၉၀၀
လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု			
– တည်ဆောက်ဆဲစီမံကိန်း	မရှိ	၂	၂
– ဒီဇယ်ဆီသုံးစက်ရုံ	၅၉	၇၄	၁၅
လက်ရှိစက်တပ်ဆင်အင်အား*	၇.၇၈၉	၁၂.၂၉၆	၄.၅၀၇
ရှိလာမည့်စက်တပ်ဆင်အင်အား*	၇.၇၈၉	၁၂၇.၂၉၆	၁၁၉.၅၀၇

စက်မှုလက်မှု

ရခိုင်ပြည်နယ်၏ စက်မှုစွမ်းအား မြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်က အလားအလာကောင်းများ ထပ်ဆောင်းပေးနေသည်။ ၁၉၈၈ ခုနှစ်က ပုဂ္ဂလိက စက်ရုံ ၄၄၂ ရုံသာရှိခဲ့ရာမှ ယခု ၁၁၄၃ရုံ တိုးတက်လာပြီး စက်ရုံပေါင်း ၁၅၈၅ ရုံလည်ပတ်၍ ကုန်စည်များ ထုတ်လုပ်လျက်ရှိသည်။ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်း ၂၆ ခု ရှိလာသည်။ နိုင်ငံပိုင်စက်ရုံ ၂၈ရုံကလည်း ကုန်ထုတ် လုပ်ငန်းများ ဆောင်ရွက်ပေးနေသည်။

ပညာရေး

မျက်မှောက်ခေတ်၌ နိုင်ငံတော်က အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးမှုအစီအစဉ်ကို ဒေသအလိုက် ဖော်ဆောင်ပေးနေသည်။ အမျိုးသားပညာရည်မြင့်မားရေး အထူးစီမံကိန်းတစ်ရပ် ရေးဆွဲဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်၏ ပညာရေးကဏ္ဍသည် ၁၉၈၈ ခုနှစ်ကထက် မြင့်မားတိုးတက်လျက်ရှိသည်။

အခြေခံပညာကျောင်းပေါင်း ၃၂၅ ကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးပြီး ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်တစ်ခု၊ ကောလိပ် တစ်ခုနှင့် ပညာရေးကောလိပ်တစ်ခု ဖွင့်လှစ်ပေးထားသဖြင့် အခြေခံပညာနှင့် အဆင့်မြင့်ပညာသင်ယူသော ကျောင်းသူ ကျောင်းသား လေးသိန်းခွဲကျော်အထိ ရှိနေသည်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ရခိုင်ပြည်နယ်၏ ပညာရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ပေးနေပုံ ကဏ္ဍစုံကို အောက်ပါယခင်နှင့်ယခု နှိုင်းယှဉ်ချက်ဇယားက ညွှန်ပြနေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
– ကျောင်းအင်အား	၂၃၉၁	၂၇၁၆	၃၂၅
– မာလ်တီမီဒီယာစာသင်ခန်း	မရှိ	၆၄	၆၄
– e-Learning Centre	မရှိ	၂၆	၂၆
– ဆရာ၊ဆရာမဦးရေ	၈၇၂၉	၁၂၁၀၇	၃၃၇၈
– ကျောင်းသားဦးရေ	၂၄၄၃၅၇	၄၃၀၄၅၄	၁၈၆၀၉၇
– သူငယ်တန်းကျောင်းဝင်နှုန်း	၆၂.၇%	၉၅.၂%	၃၂.၅၀%
– သက်ကြီးစာတတ်မြောက်မှုနှုန်း	၅၉.၇၈%	၇၂.၉၀%	၁၃.၁၂%
– ပညာရေးအဟောသိကံဖြစ်မှုနှုန်း			
– မူလတန်းအဆင့်	၄၄.၃၂%	၁၃.၃၈%	၃၀.၉၄%
– အလယ်တန်းအဆင့်	၄၅.၉၈%	၁၄.၇၃%	၃၁.၂၅%
အဆင့်မြင့်ပညာမြှင့်တင်မှု			
– ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	မရှိ	၁	၁
– ကောလိပ်	မရှိ	၁	၁
– ပညာရေးကောလိပ်	၁	၁	–
– e-Learning Centre	မရှိ	၂၇	၂၇
– သင်ကြားရေးအစီအစဉ်များ	၈	၅၃	၄၅
– ဆရာ၊ဆရာမဦးရေ	၉၄	၂၁၈	၁၂၄
– ကျောင်းသားဦးရေ	၉၃၀	၂၀၁၁၅	၁၉၁၈၅
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	**မရှိ**	**၁**	**၁**

သိပ္ပံနှင့်နည်းပညာကဏ္ဍ

နိုင်ငံတော်က ဒေသအလိုက် အင်ဂျင်နီယာပညာရှင်များနှင့် ကွန်ပျူတာ ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် ဒေသအတွင်းမှာပင် သင်ယူနိုင်မှု အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်မှ တိုင်းရင်းသား လူငယ်များလည်း တစ်ပြေးညီ ရရှိခဲ့ကြသည်။ နိုင်ငံတော်က စစ်တွေတွင် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ် ဖွင့်လှစ်ပေးထားပြီး သံတွဲတွင် အစိုးရစက်မှုလက်မှုသိပ္ပံ ဖွင့်လှစ်ပေးထားသဖြင့် ပြည်နယ်အတွင်းမှ ပညာရှင်လူငယ် ၁၁၈၄ ဦး ပေါ်ထွက်လာခဲ့သည်။ ရခိုင်ပြည်နယ်၌ သိပ္ပံနှင့် နည်းပညာ လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းများ ပွင့်လန်းလျက် ရှိသည်ကို အောက်ပါဇယားက ဖော်ပြနေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အစိုးရနည်းပညာကောလိပ် (စစ်တွေ)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၅	၅
– ဆရာ၊ဆရာမဦးရေ	မရှိ	၉၅	၉၅
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၆၆၂	၆၆၂
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၄၆၄	၄၆၄
အစိုးရကွန်ပျူတာကောလိပ် (စစ်တွေ)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၆	၆
– ဆရာ၊ဆရာမဦးရေ	မရှိ	၁၃	၁၃
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၁၁၂	၁၁၂
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၈၇	၁၈၇
အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၃	၃
– ဆရာ၊ဆရာမဦးရေ	မရှိ	၄၅	၄၅
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၄၁၀	၄၁၀
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၉၂	၁၉၂

ကျန်းမာရေး

နိုင်ငံတော်က ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဆေးရုံသစ်များ တည်ဆောက် အဆင့်မြှင့်တင်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်တွင် ယခင်က ဆေးရုံ ၃၆ ရုံရှိခဲ့ရာမှ ယခု ၄၂ ရုံအထိ ရှိလာသည်။ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံတစ်ရုံ၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံသုံးရုံ၊ ခုတင်(၅၀)ဆံ့ ဆေးရုံတစ်ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံခုနစ်ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံငါးရုံနှင့် တိုက်နယ်အဆင့်ဆေးရုံ(၂၅)ရုံ ရှိနေပြီဖြစ်သည်။

အထူးကုနှင့် လက်ထောက်ဆရာဝန် ၁၀၅ ဦး တိုးမြှင့်ခန့်ထားပေးခဲ့သည်။ ပြည်နယ်၏ကျန်းမာရေးဝန်ထမ်း အင်အားသည် ၁၉၈၈ ခုနှစ်ကထက် ၃၈၂ ဦး တိုးတက်လာသည်။ ပြည်နယ်အတွင်း တိုင်းရင်းသားပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံတစ်ရုံနှင့် တိုင်းရင်းဆေးပေးခန်း ၁၂ ခန်းအထိ ရှိလာသည်။

ဒေသအတွင်းမှာပင် သူနာပြုနှင့် သားဖွားဆရာမများ လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးလျက်ရှိရာ မူလက သားဖွားသင်တန်းကျောင်း တစ်ကျောင်းရှိရာမှ ယခု သူနာပြုသင်တန်းကျောင်းတစ်ကျောင်း တိုးလာသည်။ ရခိုင်ပြည်နယ်၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားတွင် ၁၉၈၈နှင့် မျက်မှောက်ခေတ် အခြေအနေနှစ်ရပ်ကို အောက်ပါအတိုင်း နှိုင်းယှဉ် တင်ပြထားသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	၃၆	၄၂	၆
ကျန်းမာရေးဌာနများ	၁၁၈	၁၂၁	၃
ကျန်းမာရေးဝန်ထမ်းများ	**၁၀၄၈**	**၁၄၃၀**	**၃၈၂**
– ဆရာဝန်	၁၂၆	၂၃၁	၁၀၅
– သူနာပြု	၁၅၃	၃၁၇	၁၆၄
– သားဖွားဆရာမ	၅၃၉	၅၇၃	၃၄
– ကျွမ်းကျင်ဝန်ထမ်း	၈	၁၄	၆
– မြို့နယ်ကျန်းမာရေးမှူး	မရှိ	၆	၆
– လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၁၇	၁၇
– လက်ထောက်ကျန်းမာရေးမှူး	၇၉	၉၁	၁၂
– ကြီးကြပ်(၁)/(၂)	၅၂	၈၇	၃၅
တိုင်းရင်းဆေး			
– တိုင်းရင်းဆေးရုံ	မရှိ	၁	၁
– တိုင်းရင်းဆေးပေးခန်း	၆	၁၂	၆

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

ရခိုင်ပြည်နယ်၏ မြို့ပြနှင့်ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း နှစ်စဉ်တိုးမြှင့်ဆောင်ရွက်ပေးနေသည်။ ယခင်က မြို့ပြလမ်း ၁၈၄မိုင် ၄ဖာလုံရှိရာမှ ယခု ၂၂၄မိုင် ၆ဖာလုံအထိ ရှိလာသည်။ မြို့ပြလမ်းတွင် ကတ္တရာလမ်း ၇၆ မိုင် ၆ ဖာလုံ ပါဝင်သည်။ မြို့ပြတံတား ၅၄၃ စင်းကို ပြုပြင်ထိန်းသိမ်းပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေး အားကောင်းလာသည်နှင့်အညီ ကျေးလက်လမ်းများလည်း ပိုမိုတိုးပွားပြီး လမ်းအဆင့် မြင့်တက်လာသည်။ ၁၉၈၈ခုနှစ်က ကျေးလက်လမ်း ၂၇၃မိုင် ၂ဖာလုံသာရှိရာ ယခု ၁၈၃မိုင် ၄ဖာလုံ တိုးလာသဖြင့် ၄၅၆မိုင် ၆ဖာလုံအထိ ရှိနေသည်။ ကျေးလက်တံတား ၅၈၃ စင်းအထိ တည်ဆောက်ပေးထားသည်။

သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနေရာ မြို့ ၁၇မြို့တွင် ဆောင်ရွက်ပေးရန်ရှိသည့်အနက် မြို့ ၁၁မြို့တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ ကျေးရွာ ၉၂၂ရွာ ဆောင်ရွက်ပေးရန်ရှိသည့်အနက် ကျေးရွာ ၄၇၀ တွင် လုပ်ငန်းပေါင်း ၆၁၂ ခု ပြီးစီးနေပြီဖြစ်သည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်က အလေးထားဖော်ဆောင်ပေးနေသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် ရခိုင်ဒေသလည်း ပါဝင်သည်။ ရခိုင်ဒေသမှ တိုင်းရင်းသား သွေးချင်းများ၏ လူမှုစီးပွားရေးဘဝ နောက်ကျမကျန်ရအောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ အခြားနယ်စပ်ဒေသများနှင့် တစ်ပြေးညီ အောက်ပါဇယားတွင် ဖော်ပြထားသည့် အတိုင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်မောင်မယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စစ်တွေ၌ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် မောင်တော၌ အိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း ဖွင့်လှစ်ပေးထားသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
လမ်း၊တံတား			
– မြေလမ်းမိုင်	မရှိ	၁၆၁/၆	၁၆၁/၆
– ကျောက်လမ်းမိုင်	မရှိ	၁၃၅/၂	၁၃၅/၂
– ကတ္တရာလမ်းမိုင်	မရှိ	၈/၅	၈/၅
– လမ်းပြုပြင်ထိန်းသိမ်းမှုမိုင်	မရှိ	၁၅/၀	၁၅/၀
– တံတား(ကြီး/ငယ်)	မရှိ	၁၄/၂၂၁	၁၄/၂၂၁
ကျန်းမာရေး			
– ဆေးရုံ/ဆေးပေးခန်း	မရှိ	၁၅	၁၅
ပညာရေး			
– (ထက်/လယ်/မူ)ကျောင်း	မရှိ	၅၆	၅၆
– ဆရာ၊ဆရာမဦးရေ	မရှိ	၂၈၁	၂၈၁
– ကျောင်းသားဦးရေ	မရှိ	၁၃၃၂၀	၁၃၃၂၀
စိုက်ပျိုးရေး			
– စိုက်ပျိုးရေးရုံး/စခန်း	မရှိ	၂၇	၂၇
– ဆည်	မရှိ	၂	၂
မွေးမြူရေး			
– မွေးမြူရေးခြံ	မရှိ	၁	၁
– တိမွေးကုရုံး	မရှိ	၂	၂
စွမ်းအင်			
– လျှပ်စစ်မီးစက်	မရှိ	၃၅	၃၅
– မီးလင်းသည့်မြို့/ရွာ	မရှိ	၂၈	၂၈
ပြည်သူ့ဆက်ဆံရေး			
– ရုပ်/သံလွှင့်စက်ရုံ	မရှိ	၅	၅
ဆက်သွယ်ရေး			
– စာတိုက်	မရှိ	၁၁	၁၁
– ကြေးနန်း	မရှိ	၅	၅
– တယ်လီဖုန်းလုပ်ငန်း	မရှိ	၂	၂
အိမ်တွင်းမှုသက်မွေးပညာသင်တန်း	**မရှိ**	**၁**	**၁**
– ဆရာ၊ဆရာမဦးရေ	မရှိ	၈	၈
– ကျောင်းသားဦးရေ	မရှိ	၄၄၃	၄၄၃
လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း	**မရှိ**	**၁**	**၁**
– ဆရာ၊ဆရာမဦးရေ	မရှိ	၁၅	၁၅
– ကျောင်းသားဦးရေ	မရှိ	၉၉၅	၉၉၅
အကုန်အကျခံသုံးစွဲမှု*	**မရှိ**	**၈၅၀၉.၁၃**	**၈၅၀၉.၁၃**
– ဖွံ့ဖြိုးရေးရန်ပုံငွေ*	မရှိ	၁၄၂၂.၈၄	၁၄၂၂.၈၄
– ဝန်ကြီးဌာနများ*	မရှိ	၇၀၈၆.၂၉	၇၀၈၆.၂၉

* ကျပ်(သန်း)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

နိုင်ငံတော်က ထုတ်ပြန်ပေးနေသော သတင်းပြန်ကြားချက်နှင့် သတင်းအချက်အလက်များ၊ ပြည်ထောင်စုတစ်ဝန်း ဖော်ဆောင်ပေးနေသည့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း မြင်ကွင်းသတင်းများကို ရခိုင်ပြည်နယ်မှ တိုင်းရင်းသားပြည်သူများ နေ့စဉ်မပြတ် ဖတ်ရှုကြည့်မြင် သုံးသပ်ဆင်ခြင်နိုင်ရေးအတွက် ပြန်ကြားရေး ကဏ္ဍကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့ နိုးကြားတက်ကြွချီတက်ကြရာတွင် ရခိုင်ပြည်နယ်၏ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးကဏ္ဍကို အောက်ပါအတိုင်း တိုးမြှင့်ဖော်ဆောင်နေပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
– ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	၁	၁၁	၁၀
– ပြန်/ဆက်ရုံးများ	မရှိ	၂၁	၂၁
– ပြန်/ဆက်စာကြည့်တိုက်များ	၆	၂၁	၁၅
– ဌာနဆိုင်ရာစာကြည့်တိုက်	မရှိ	၂၂	၂၂
– ကျေးလက်စာကြည့်တိုက်	မရှိ	၃၂၈	၃၂၈
– e-Library	မရှိ	၁	၁
– ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)	မရှိ	၁	၁

တစည်းတလုံးတည်းသောပြည်ထောင်စုကြီးအဖြစ် အစွန့်ရှည်တည်တံ့အောင်ထိန်းသိမ်းကာကွယ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွန်းရေး အသက်နှင့်ထပ်တူအရေးကြီးသော အမျိုးသားရေးတာဝန်ဖြစ်
အမျိုးသားညီလာခံကြီးအောင်အောင်မြင်မြင်ကျင်းပနိုင်အောင် ကျရာကဏ္ဍကစွမ်းစွမ်းတမံဝိုင်းဝန်းကူညီ

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား ကျိုင်းတုံမြို့နယ်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ယန်းလောစံပြကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပသည်။ (ယာပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာစိုင်းဆေးကော်၊ တွဲဖက်အတွင်းရေးမှူးဦးမြင့်နိုင်နှင့် အလုပ်အမှုဆောင်များ၊ ကျိုင်းတုံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကျိုင်းတုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကျိုင်းတုံမြို့နယ် မြို့မ(၅)ရပ်ကွက်၊ ယန်းလော၊ လွယ်လုံ၊ မိုင်းဇင်း၊ နောင်ကုန်၊ ကတ်ဖ၊ ကတ်တောင်၊ ကတ်ထိုက်ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ၊ အသင်းဝင် သူနာပြုသင်တန်းသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူလူထုများ အင်အားစုစုပေါင်း၁၆၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ကျိုင်းတုံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုင်းလုံးဆိုင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြင့်မြင့်အုန်း၊ ကျိုင်းတုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ချိုချို၊ ကျိုင်းတုံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးလုကာ(အငြိမ်းစား)၊ ယန်းလောစံပြကျေးရွာ ရပ်မိရပ်ဖဦးစိုင်းကျောက်တို့ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ကျိုင်းတုံမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဒေါ်နန်းဟွမ်တစ်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် ကျိုင်းတုံမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်အေးအေးအောင်တို့က ဆောင်ရွက်သည်။

နိုင်ငံတော်အလံအားအလေးပြု

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိကျိုင်းတုံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းလုံးဆိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ကျိုင်းတုံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ မိတ်ဖက်လူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျေးလက်ပြည်သူလူထုများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခနှင့် ပြည့်စုံကြပါစေဟု ဦးစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း။

တွန်းလှန်တိုက်ခိုက်နိုင်

ပြည်ထောင်စု တိုင်းရင်းသားများသည် သမိုင်းစဉ်တစ်လျှောက် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြကာ ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်ခိုင်မာမာဖြင့် ပူးပေါင်းနေထိုင်ခဲ့ကြပြီး ပြည်ထောင်စုအပေါ် ကျရောက်ခဲ့သည့် ဘေးအန္တရာယ်မှန်သမျှကို စုစည်းညီညွတ်စွာဖြင့် တွန်းလှန်တိုက်ခိုက် နိုင်ခဲ့ကြသည့် အစဉ်အလာကောင်းကို ထူထောင်နိုင်ခဲ့ကြကြောင်း၊ ဒီအစဉ်အလာကောင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုသင်္ကေတအဖြစ် ရာစုနှစ်များစွာခိုင်မြဲခဲ့ကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်သည့် ကာလများတွင် နိုင်ငံတော်ခိုင်မာတောင့်တင်း၍ ပြည်ထောင်စုစိတ်ဓာတ်မေးမှိန်သည့်အခါကာလများ၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးအခြေအနေများနိမ့်ပါးခဲ့သည်ကိုထင်ထင်ရှားရှားကြုံတွေ့ခဲ့ရကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတစိတ်ဓာတ်တို့ကို အထင်အရှားပြသနိုင်ခဲ့သည်မှာ သမိုင်းတွင်ရစ်သည့် ပင်လုံစာချုပ်ကြီးကို ချုပ်ဆိုနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ပင် ဖြစ်ကြောင်း။

အမျိုးသားရေးမူဝါဒ

ထိုသို့ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှု၊ သူ့ကျွန်မခံလိုသော နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ပြင်းပြမှုတို့ကြောင့် မြန်မာနိုင်ငံတော်ကြီးသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သော နိုင်ငံတော်အဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်က ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒကို အတိအလင်းချမှတ်ပြီး တိုင်းရင်းသားလူမျိုးများအားလုံးစည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိစေရန် ချီတက်လျက်ရှိကြောင်း။

တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု သင်္ကေတဖြစ်သော ပြည်ထောင်စုနေ့နှင့်ယင်းနေ့ထူးနေ့မြတ်အလွန်တွင် အမျိုးသားညီလာခံကြီးကို ပြန်လည်စတင်ကျင်းပမည့် ထူးခြားသည့်အချိန်ရာသီဖြစ်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ပြီး ထိုအခမ်းအနားကို ကျေးလက်ဒေသဖြစ်သည့် ယန်းလောစံပြကျေးရွာ၌ကျင်းပရခြင်းဖြစ်ကြောင်း။

ထိန်းသိမ်းကာကွယ်

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျရောက်တော့မည်ဖြစ်ကြောင်း၊ အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခိုင်အမာတည်ဆောက်ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိအောင် ဆောင်ရွက်ရာတွင် ပြည်ထောင်စုနေ့မှပင်စတင်သန္ဓေတည်ခဲ့ကြောင်း၊ ပြည်ထောင်စုကြီးကို စတင်ထူထောင်လာခဲ့ကြသည့် အစဉ်အလာကောင်း၊ အမွေခံကောင်းများနှင့်အညီ နောင်အနာဂတ်ကာလတွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည့် သံယောဇဉ်ကြိုးဖြင့် စုနှောင်ဖွဲ့စည်းထားသည့် တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက်ထိန်းသိမ်း ကာကွယ်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ကာလသည် အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေချိန် ဖြစ်ကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ရာတွင် ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ နိုင်ငံသားအားလုံး ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ကြရမည်ဖြစ်ကြောင်း။

အခြေခံမူများ

အနာဂတ်မြန်မာနိုင်ငံတော်သစ်ကို ဖွဲ့စည်းရာ၌ တိုင်းရင်းသားလူမျိုးအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခွင့်အလမ်းများကို မြင့်မြင့်မားမား ဖော်ဆောင်ပေးသွားမည့် အာမခံချက်များပါရှိသော အခြေခံမူများကို အမျိုးသားညီလာခံကြီးက ချမှတ်ပေးနိုင်မည်ဖြစ်ရာ ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်စတင် ကျင်းပမည့် အမျိုးသားညီလာခံကြီးအား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုလျက်ရှိကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကျိုင်းတုံခရိုင်အတွင်းရှိ ကျေးလက်ဒေသများမှာ သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လမ်းများ ပြုပြင်ဖောက်လုပ်ရေးအပါအဝင် ဆောင်ရွက်ခဲ့ကြောင်း၊ လမ်းဖောက်ခြင်း၊ လမ်းခင်းခြင်း၊ တံတားဆောက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ စပါးစိုက်ပျိုးခြင်း၊ မြေတူးမြေဖို့ခြင်း၊ ရေရရှိအောင်ဆောင်ရွက်ခြင်းစသည့် ဆောင်ရွက်ချက်များသည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်း၏ အခြေခံကျသည့် ဆောင်ရွက်ချက်များ ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့်အစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်အတူ ကျိုင်းတုံခရိုင်အတွင်း ဆောင်ရွက်ခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်များကို တင်ပြသွားမည်ဖြစ်ကြောင်း။

အကောင်အထည်ဖော်

ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်အပြည့်အဝထားကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါဟုတိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ ကျိုင်းတုံမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဟွမ်နွဲ့က ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ တင်ပြရာတွင် မိမိတို့မြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်းထောင်ချီပြီး ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်ယဉ်ကျေးမှုဖြင့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ တင့်တယ်စွာရပ်တည်နေရာမှ ကိုလိုနီနယ်ချဲ့များ၏ မတရားကျူးကျော်တိုက်ခိုက်မှုကြောင့် ကျွန်ပြုအုပ်စိုးခြင်းကို ခံခဲ့ရကြောင်း၊ ထိုသို့ ကျူးကျော်သိမ်းပိုက်မှုကို တိုင်းရင်းသား ညီအစ်ကိုများက မျိုးချစ်စိတ်ဓာတ်ပြင်းထန်စွာဖြင့် ရရာလက်နက်စွဲကိုင်ကာ ခုခံတွန်းလှန်ခဲ့ကြကြောင်း။

ပင်လုံစာချုပ်ကြီး

မြန်မာတို့၏နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲစဉ်တစ်လျှောက်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသား အသီးသီးတို့၏ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေးရခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ နံနက် ၁၀နာရီတွင် တိုင်းရင်းသား ကိုယ်စားလှယ်ကြီးများသည် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြရာမှ ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း။

နယ်ချဲ့တို့သည်နည်းပေါင်းစုံသုံးပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို နှောင့်ယှက်ဖျက်ဆီး ဟန့်တားခဲ့သော်လည်း တိုင်းရင်းသားညီအစ်ကိုများသည် ဥမကွဲသိုက်မပျက် နေထိုင်ရန် ပူးပေါင်းမိကြပြီး စုပေါင်းရပ်တည်မှုအင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်သည်လည်း ရင့်သန်လာခဲ့ကြကြောင်း၊ တစ်နည်းအားဖြင့်ပြောရမည်ဆိုလျှင် တိုင်းရင်းသားအပေါင်းတို့သည် အရေးကြုံသည့်အခါ ပြည်နယ် ပြည်မ၊ တောင်ပေါ် မြေပြန့် မခွဲခြားဘဲ တစ်သွေးတစ်သားတည်း စည်းလုံးညီညာစွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူပြီး တိုက်ပွဲဝင်ခဲ့ကြ၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ဒို့တာဝန်အရေးသုံးပါး

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးတို့သည်နယ်ချဲ့ကျူးကျော်သူများကို ခုခံတိုက်ခိုက်ရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်ခြင်း၊ လွတ်လပ်ခြင်းကို ထိန်းသိမ်းကာကွယ်ရာတွင် လည်းကောင်း၊ ပြည်ထောင်စု စိတ်ဓာတ်ဖြင့် တစ်ခဲနက်စည်းလုံးညီညွတ်ခဲ့ကြသည်ကို မြန်မာ့သမိုင်း တစ်လျှောက်လုံးတွင် ထင်ရှားစွာ တွေ့မြင်ခဲ့ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း ဦးထိပ်ထားသည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်းကြရာတွင် ပြည်ထောင်စု စိတ်ဓာတ်သည် အထူးအရေးပါလှကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ချမှတ်ပြီး တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ထွန်းခိုင်မာရေးအတွက် ကျယ်ပြန့်နက်ရှိုင်းစွာ ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်က ၂၀၀၅ခုနှစ် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးဦးတည်ချက်များဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စု စိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံးဝိုင်းဝန်းကြိုးပမ်းရေးဆိုသည့် ဦးတည်ချက်များကို ချမှတ်ပေးထားခဲ့ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်ထွန်းပေါ်ပေါက်ရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီပါဝင်ဆောင်ရွက်

စာမျက်နှာ ၁၁မှ

ပြည်ထောင်စုစိတ်ဓာတ် ဆိုသည့် နေရာတွင် တိုင်းရင်းသားလူမျိုးစုတို့က မည်သည့်ပြည်နယ်၊ မည်သည့်တိုင်းတွင်နေသည်ဖြစ်စေ၊ မည်သည့်အမျိုးအနွယ်ပင်ဖြစ်စေ မိမိသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှ မြန်မာပြည်သားဟု ခံယူနိုင်သော စိတ်ဓာတ်မျိုးပဲဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် ပြည်ထောင်စု စိတ်ဓာတ်ဟူသည် နှစ်ပေါင်းများစွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးအချင်းချင်းမရှိအတူ ရှိအတူ၊ အေးအတူပူအမျှ၊ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နိုင်ငံတော်က ချမှတ်ပေးလိုက်သည့် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များသည် နိုင်ငံရေးအနှစ်သာရပြည့်ဝပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရာသက်ပန်တည်တံ့ခိုင်မြဲရေးအတွက် ထာဝစဉ်လုပ်ငန်းလမ်းညွှန်များအဖြစ် ခံယူကျင့်သုံးကာ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရရှိသည်နှင့်အမျှ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေးတို့ အဆင့်ဆင့်ဖြစ်ပေါ်လာပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအမြန်ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးတက်ညီလက်ညီပါဝင်ဆောင်ရွက်ကြပါစို့ဟု (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် ကျိုင်းတုံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်နန်းလှယဉ်က အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍တင်ပြရာတွင် မိမိတို့မြန်မာနိုင်ငံ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေးပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစကာလတွင် နယ်ချဲ့ကိုလိုနီတို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားလျော့ခဲ့ရပြီး အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည်လည်း ဆုံးရှုံးခဲ့ရပြန်ကြောင်း။

၁၉၄၈-၄၉ခုနှစ်၊ ၁၉၅၈ခုနှစ်၊ ၁၉၆၂ခုနှစ်နှင့် ၁၉၈၈ခုနှစ် နိုင်ငံတော်၏အခြေအနေများသည် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးနိုင်သည်အထိ အခြေအနေဆိုးရွားခဲ့၍ တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးအတွက် နိုင်ငံတော်၏ တာဝန်ကိုယူခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အခြေခံဥပဒေ

တပ်မတော်အစိုးရသည်အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပုံဖော်ကျင့်သုံးမည့် အခြေခံဥပဒေတစ်ရပ်ရေးဆွဲနိုင်ရေးအတွက် ၁၉၉၃ခုနှစ် ဇန်နဝါရီလက စတင်ပြီး အမျိုးသားညီလာခံကို ကျင်းပပေးခဲ့ကြောင်း၊ ညီလာခံကြီးတွင် နိုင်ငံရေးပါတီများ၊ ရွေးချယ်ခံရသူများ၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များသာမက အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းများနှင့် လူထုလူတန်းစားပေါင်းစုံက ကိုယ်စားလှယ်များပါဝင်ကြောင်း၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများကို အမျိုးသားညီလာခံတွင် တရားဝင်ဆွေးနွေးခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်ပေးထားခဲ့ကြောင်း၊ သို့သော်လည်း အုပ်စုတစ်ခု၏ ပယောဂကြောင့် ကျင်းပခဲ့သည့် အမျိုးသားညီလာခံကြီးသည် ၁၉၉၆ခုနှစ်ကစပြီး ယာယီရပ်ဆိုင်းထားခဲ့ရကြောင်း။

ယနေ့ကာလသည်အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်အလိုက်ဆောင်ရွက်ရာတွင် ပထမအဆင့်လည်းဖြစ်၊ အဓိကအရေးကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီး၏ အပိုင်းတစ်ပိုင်း ၂၀၀၄ခုနှစ် မေလ၁၇ရက်နေ့မှ ဇူလိုင်လ၉ရက်နေ့အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်၏ဦးတည်ချက်(၆)ရပ်နှင့် အခြေခံမူ (၁၀၄)ချက်တို့ကို အတည်ပြုချမှတ်ပေးသည့်အပြင် မိမိတို့မြန်မာနိုင်ငံ၌ အဓိကအကျဆုံးဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ထွန်းရေးအတွက်ပါ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်ပေးသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းရေးသည် မိမိတို့အတွက် အသက်နှင့်ထပ်တူ အရေးကြီးသော အမျိုးသားရေးတာဝန်ဖြစ်ကြောင်း။

ယခုဆိုလျှင် တိုင်းရင်းသားညီအစ်ကိုများ စုစည်းပါဝင်သော အမျိုးသားညီလာခံကြီးကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည်ကျင်းပတော့မည်ဖြစ်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မတီများအလိုက် လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့အနေနှင့်ကျင်းပမည့် အမျိုးသားညီလာခံကြီးအား အလေးအနက်ကြိုဆိုထောက်ခံကြောင်း။

စွမ်းစွမ်းတမံဝိုင်းဝန်းကူညီ

ထို့ကြောင့်အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ စုစည်းခိုင်မာပြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ပထမဆုံးအဆင့်အဖြစ် ကျင်းပသော အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်အောင် မိမိတို့ကျရာကဏ္ဍက စွမ်းစွမ်းတမံ ဝိုင်းဝန်းကူညီကြပါစို့ဟု အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံပါကြောင်းဖြင့်တင်ပြသွားသည်။

တက်ညီလက်ညီကြိုးပမ်း

ဆက်လက်၍ ကျိုင်းတုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းကျော်ဇံက ကျိုင်းတုံခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ တင်ပြရာတွင် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးမှုကို အခြေခံရမည်ဖြစ်ကြောင်း၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ကျိုင်းတုံခရိုင်အတွင်းရှိ ကျေးလက်ဒေသများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တိုးတက်မှုရှိအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် ဒေသခံ မိဘပြည်သူများ၏ အားမာန်နှင့် ပူးပေါင်းကူညီမှုတို့ဖြင့် တက်ညီလက်ညီ ကြိုးပမ်းလျက်ရှိကြောင်း။

ကျေးလက် ပညာရေးကဏ္ဍဆောင်ရွက်ချက်နှင့် ပတ်သက်ပြီး ကျိုင်းတုံမြို့နယ်အတွင်းတွင် တည်ဆောက်ပြုပြင်ပြီးခဲ့သည့် အခြေခံပညာစာသင်ကျောင်းများမှာ ယန်းကျိန်ကျေးရွာ ဝမ်တောင်းနမ့် အမက၊ ကတ်တောင် ကျေးရွာမှာဆိုလျှင် ဝမ်တောင်း အမကနှင့် ဝမ်ဖိုင် အမကတို့ကို အသီးသီးပြုပြင်ပေးပြီးဖြစ်သကဲ့သို့ မိုင်းလပ်ကျေးရွာအုပ်စု ဝမ်ကောင်းအမကကိုလည်း ပြန်လည်တည်ဆောက်ပြုပြင်ပေးပြီးဖြစ်ကြောင်း။

မိုင်းခတ်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် အလန်တောင်ကျေးရွာနှင့် ဟိုလင်းကျေးရွာ အမကများကိုလည်းကောင်း၊ မက်မန်းမြို့နယ်ရှိ ပန်ပွဲ၊ ကွယ်နောက်၊ ကွန်ဟောင်းကြီး၊ ဝမ်ဟောင်နှင့် မငေါက်ကျေးရွာ အမကများကိုလည်းကောင်း ၂၀၀၄ ခုနှစ်အတွင်း ပြုပြင်ပေးခဲ့ကြောင်း၊ ကျောင်းအဆောက်အအုံကောင်းမွန်ရေးအတွက် ပညာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ပြုပြင်ဆောင်ရွက်ဆဲ ကျောင်းများမှာ ကျိုင်းတုံမြို့နယ်တွင် တာပင်းအုပ်စုရှိ ဝမ်ကမ်အမက၊ ကတ်ထိုက်အုပ်စုရှိ အမကနှင့် ကတ်ဖအုပ်စု နောင်ငင်း အမကတို့ဖြစ်ကြောင်း။

ကျောင်းများ၏ မူလအဆောက်အအုံ ခိုင်ခံ့လုပရေးနှင့် တိုးချဲ့ဆောက်လုပ်ရေးအတွက် စဉ်ဆက်မပြတ် ကူညီလျက်ရှိရာ လာမည့်စာသင်နှစ်အတွင်းကူညီပြုပြင် ဆောက်လုပ်ရန်လျာထားသည့် ကျောင်းများမှာ ကျိုင်းတုံမြို့နယ်၌ မိုင်းလန်းအမက၊ ပင်းတောက် အမက နှင့် ယန်းဟောက်အမကတို့ဖြစ်ပြီး မိုင်းခတ်မြို့နယ်ရှိ နောင်ဖူနှင့် ပန်နော်လောင်း အမကတို့ကိုလည်း ကူညီပြုပြင်ဆောက်လုပ်ရန်လျာထားပြီး ဖြစ်ကြောင်း။

ကျေးလက်နေ ပြည်သူများ သောက်သုံးရေရရှိရေးနှင့် ပတ်သက်ပြီး နယ်မြေတာဝန်ခံ ဝန်ကြီး၏ အစီအမံနှင့် သက်ဆိုင်ရာဌာနတို့၏ အကူအညီဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စုရှိ လမ်းခွဲရွာ၊ ပိန်းဆိုင်းရွာနှင့် ဝမ်ပုံရွာတို့အတွက် တောင်ပေါ်ရေတံခွန်မှ ရေကိုသွယ်ပေး၍ ယခင်ကရေခက်ခဲနေသော ဘုန်းတော်ကြီးကျောင်းအပါအဝင် အိမ်ခြေ ၁၃၁ အိမ်သည် အဆင်ပြေစွာ ရေရရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် မက်မန်းမြို့နယ် နမ့်ဟန်နကျေးရွာတွင် ရေလှောင်ကန်တစ်ကန်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစီအစဉ်ဖြင့် တည်ဆောက်ပေးခဲ့ပြီး ကျိုင်းတုံမြို့နယ်ရှိ ယန်းကျိန်ကျေးရွာအုပ်စု ဝမ်ဆာကျေးရွာအတွက်လည်း စိမ့်စမ်းရေသွယ်ပေးရန် လျာထားသတ်မှတ်ထားပြီးဖြစ်ကြောင်း။

ကျေးလက်နေ ပြည်သူတို့၏ ကျန်းမာရေးကို နိုင်ငံတော်၏ စနစ်တကျ စောင့်ရှောက်ပေးမှု၊ မိမိတို့အသင်းကြီး၏ စည်းရုံးမှုနှင့် ကူညီအားပေးမှုများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် ယခင်ကထက် မြင့်မားလာပြီဖြစ်ကြောင်း၊ ကျိုင်းတုံမြို့နယ်တွင် ၂၀၀၄ ခုနှစ်အတွင်း ကတ်ထိုက်ကျေးရွာ ဆေးပေးခန်း၊ ယန်းကျိန်ကျေးရွာ ဆေးပေးခန်းနှင့် မိုင်းလန်းကျေးရွာအုပ်စု ဝမ်ပိုးဆေးပေးခန်းများကို ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

ကျေးလက်နေပြည်သူများအတွက် မီးလင်းရေးကိုလည်း ကူညီဆောင်ရွက်လျက်ရှိရာတွင် မိုင်းခတ်မြို့နယ် ဖာလိုင်းကျေးရွာအတွက် ဆောင်ရွက်ပေးခဲ့ပြီး မိုင်းဟန်ကျေးရွာနှင့် နောင်လွန်းကျေးရွာများတွင် ရေအားလျှပ်စစ်စနစ်နှင့် ကျေးလက်ဒေသမီးလင်းရေးအတွက်ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးသည့်အတွက် ကျေးလက်ဒေသအတွင်း တစ်ရွာနှင့်တစ်ရွာ လွယ်ကူစွာ ကူးလူးဆက်ဆံနိုင်ရန် ကျေးလက်လမ်းများကို ဖောက်လုပ်ခြင်း၊ ကျောက်ချောလမ်းခင်းခြင်းနှင့် ကတ္တရာခင်းလမ်းအထိ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ်၌ နွံ့နော စွမ်တောင်းလမ်း၊ ကျိုင်းကာရွာလမ်း၊ လရွာအဝင်လမ်းနှင့် ဝေါ်နိမ့်ရွာသွားလမ်းတို့ကို ကတ္တရာခင်းလမ်းအဖြစ် ပြုလုပ်ပေးပြီးဖြစ်ကြောင်း။

ဆက်သွယ်ရေး

ကျိုင်းတုံခရိုင်အတွင်း ကျေးလက်နေပြည်သူများ ဆက်သွယ်ရေးလွယ်ကူချောမွေ့စေရန်အတွက် ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ ကျေးလက်ဒေသများတွင် တယ်လီဖုန်းတပ်ဆင်သုံးစွဲခွင့်ပြုရေးကို တင်ပြပြီး ဆက်သွယ်ရေးဌာနနှင့်ပူးပေါင်း ဆောင်ရွက်မှုကြောင့် ယခုအခါ ကတ်တောင်၊ ကတ်ဖ၊ လွယ်လုံ၊ မိုင်းဇင်း၊ လွယ်မွေ၊ ယန်းလူး၊ ယန်းလောကျေးရွာနှင့် ဝမ်တောင်းကျေးရွာ စသည့်ကျေးရွာစုစုပေါင်းရှစ်ခုတို့တွင် တယ်လီဖုန်းတပ်ဆင်အသုံးပြုနေပြီဖြစ်၍ မြန်မာနိုင်ငံအနှံ့အပြားသို့ လွယ်ကူစွာ ဆက်သွယ်နိုင်ပြီ ဖြစ်ကြောင်း။

သန္နိဋ္ဌာန်ပြု

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာတွင် ကျေးလက်ဒေသ ပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးမူ(၅)ရပ်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ အဆင့်ဆင့်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဖော်ပြပါကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ တက်ညီလက်ညီ ပါဝင်ကူညီဆောင်ရွက်သွားကြရန် သန္နိဋ္ဌာန်ပြုပါကြောင်းဖြင့် တင်ပြသွားသည်။

ထောက်ခံဆွေးနွေး

ထို့နောက် ကျိုင်းတုံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းအားဖယ်က ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များက ၂၀၀၅ခုနှစ် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်အတူ ကျိုင်းတုံခရိုင်အတွင်းရှိ ကျေးလက်ဒေသများတွင် အခြေခံပညာ စာသင်ကျောင်းများနှင့် ကျန်းမာရေးဆေးခန်းများပြုပြင်ခြင်း၊ ပြုပြင်ရန် လျာထားခြင်းတို့အပြင် ကျေးလက်လမ်းဆိုင်ရာလုပ်ငန်းများကို အသီးသီးတင်ပြသွားကြကြောင်း၊ မိမိအနေနှင့် ကိုယ်စားလှယ်များတင်ပြသွားကြသည့် တင်ပြချက်များကို ထောက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ညီရင်းအစ်ကိုများသည် အမိမြေပေါ်တွင် ပေါက်ဖွားပြီး နှစ်ပရိစ္ဆေဒထောင်ချီ နေထိုင်ကြကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု အခိုင်အမာ တည်ဆောက်နိုင်ခဲ့သည့် ပုဂံခေတ်၌ ပထမမြန်မာနိုင်ငံတော်၊ တောင်ငူခေတ်၌ ဒုတိယမြန်မာနိုင်ငံတော်၊ ကုန်းဘောင်ခေတ်၌ တတိယမြန်မာနိုင်ငံတော်ဆိုပြီး အင်အားကြီးသည့် နိုင်ငံအဖြစ် ပေါ်ထွန်းခဲ့သည်ကို သမိုင်းဖြစ်ရပ်များက ထင်ရှားစွာ သက်သေထူခဲ့ကြောင်း။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံတော်ကို ၁၈၂၄ခုနှစ်၊ ၁၈၅၂ခုနှစ်နှင့် ၁၈၈၅ခုနှစ်များတွင် လက်နက်အင်အားဖြင့် သုံးကြိမ်တိုင်တိုင် ကျူးကျော်စစ်ဆင်နွှဲခဲ့ကြပြီး မြန်မာနိုင်ငံတော်ကြီးကိုကျွန်ပြုအုပ်ချုပ်ခဲ့ကြောင်း။

အရေးကြီးလျှင် သွေးနီးသည် ဆိုသည့်အတိုင်း မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် နယ်ချဲ့အစိုးရကို ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်ကြရင်း ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပင်လုံညီလာခံကြီး၌ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို အခိုင်အမာဖော်ထုတ်ပြသနိုင်ခဲ့၍ ၁၉၄၈ခုနှစ်တွင် အချုပ်အခြာအာဏာပိုင်စိုးသည့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ပြန်လည်ရရှိခဲ့ကြောင်း။

စည်းလုံးညီညွတ်မှု

ယခုမျက်မှောက်ကာလတွင် တိုင်းရင်းသားလူမျိုးအသီးသီးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားတို့၏ ကျစ်လျစ်ခိုင်မာသော စည်းလုံးညီညွတ်မှုကိုအခြေခံပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကိုတည်ဆောက်နေချိန်ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒ၊ အမျိုးသားရေးယုံကြည်ချက်နှင့် အမျိုးသားရေးခံယူချက်များအဖြစ် ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းရေးအတွက် ဆောင်ရွက်သည့်နေရာတွင် စောစောက ကိုယ်စားလှယ်တစ်ဦးက တင်ပြသွားသော ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားညီညွတ်ရေးစိတ်ဓာတ်သည် အလွန်ပင်အရေးကြီးလှကြောင်း၊ ထို့ကြောင့် အေးချမ်းသာယာပြီး စည်းလုံးခိုင်မာသည့် ပြည်ထောင်စုကြီးဖြစ်ထွန်းရေးနှင့် ကမ္ဘာတည်သရွေ့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုအခါ မိမိနိုင်ငံ မိမိလူမျိုး၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှု၊ ရေမြေသဘာဝနှင့် ဆီလျော်ညီညွတ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာစေရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ နိုင်ငံသားအားလုံးအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် ကိုယ်စားလှယ်တစ်ဦးက တင်ပြသွားသည်ကို မိမိအနေနှင့် အလေးအနက်ထောက်ခံအပ်ပါကြောင်း။

အောင်မြင်ဖြစ်ထွန်းမည်

အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများ အပါအဝင်ဖြစ်သော ပြည်သူလူထုကြီး၏ အကျိုးစီးပွားကို ထင်ဟပ်ဖော်ဆောင်နိုင်မည့် အခြေခံမူများကို ညှိနှိုင်းချမှတ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် လိုအပ်နေသည့် အခြေခံမူများကို အမျိုးသားညီလာခံကြီးက ပြည့်ပြည့်ဝဝ ညှိနှိုင်းချမှတ်နိုင်မှသာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးသည် အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ အားလုံး မျှော်လင့်တောင့်တနေသည့် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်သစ်ကြီး ဧကန်မလွဲ ဖြစ်လာမည်ဖြစ်ကြောင်း။

ကျိုင်းတုံခရိုင်အတွင်းရှိ မြို့နယ်များ၏ ကျေးလက်ဒေသများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်က ဒေသအတွက် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ ဌာနဆိုင်ရာများ၏ အားပေးကူညီမှု ရရှိသည့်အတွက် ကျေနပ်အားရမိကြောင်း၊ ထိုဆောင်ရွက်ချက်များသည် အသင်းအတွက် မွန်မြတ်သလို နိုင်ငံတော်မှ ချမှတ်ပေးထားသည့် လူမှုရေးဦးတည်ချက်ကို တစ်စိတ်တစ်ဒေသအားဖြင့် အကောင်အထည်ဖော်နေခြင်းပင် ဖြစ်ကြောင်း။

ဝိုင်းဝန်းလက်တွဲ

နိဂုံးချုပ်အနေဖြင့်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့၏ အမျိုးသားရေးဦးတည်ချက်များကို လုပ်ငန်းလမ်းညွှန်ချက်အဖြစ် ခံယူကျင့်သုံးရင်း အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးသည် ပြည်ထောင်စုတိုင်းရင်းသား အားလုံး၏ တာဝန်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြီးပိုမိုကျစ်လျစ်ခိုင်မာစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲ စေရန်အတွက် ပြည်ထောင်စုတိုင်းရင်းသား

စာမျက်နှာ ၁၃ ကော်လံ ၁

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ စတင်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့တွင်ကျင်းပမည့် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့်ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ကြရန် ပြည်နယ်နှင့်တိုင်းတို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပါဝင်သော (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ယနေ့ မွန်းလွဲပိုင်းမှ စတင်၍ လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ထိုကဲ့သို့ ရောက်ရှိကြရာတွင် ချင်းပြည်နယ်မှ ယဉ်ကျေးမှုကိုယ်စားလှယ် အဖွဲ့ဝင်၃၀နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သုံးဦးတို့သည် မွန်းလွဲ၁၂နာရီခွဲတွင်လည်းကောင်း၊ တနင်္သာရီတိုင်းမှ ထားဝယ် ယဉ်ကျေးမှုအဖွဲ့ဝင်၃၀နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လေးဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ငါးဦးတို့သည် ညနေပိုင်းတွင်လည်းကောင်း လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဆပ်ကော်မတီဝင်များ၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးခင်မောင်သန်း၊ လေဆိပ်ကြိုဆိုရေးစခန်းအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြပြီး အနုပညာရှင်များကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အတီးအမှုတ်၊ အက အခုန်များဖြင့် ကြိုဆိုနှုတ်ဆက်ကြကာ တာဝန်ရှိသူများက မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၂ မှ

အားလုံးက ဝိုင်းဝန်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်ကြပါဟု ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ထောက်ခံခြင်းအဆိုများနှင့်စပ်လျဉ်း၍ တက်ရောက်လာသော ပြည်သူလူထု၏ သဘောတူညီကြောင်း တစ်ခဲနက် ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ နံနက် ၈နာရီ မိနစ် ၅၀တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြတောင်စာသင်တိုက်၌ တရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ပန်းတနော်မြို့ မြတောင်စာသင်တိုက်စိန်တန်ဆောင်းတော်ကြီးအတွင်း၌ကျင်းပမည့် မြမေတ္တာမျက်စိအထူးကုဆေးခန်း(၆)နှစ်မြောက် အထူးတရားပွဲတွင် နေ့စဉ်ည ၇နာရီမှစ၍ ဆရာတော်ကြီးများက တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၅နှင့်၁၆ရက်ညများတွင် မေတ္တာအေးဆရာတော် ဦးသုဓာတ၊ ၂၇ရက်ညတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇမဟာဓမ္မကထိက ဗဟုဇနဟိတဓရ သပိတ်အိုင်တောရ သဲကုန်းဆရာတော် အရှင်ဉာဏိဿရ (D.Litt) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၅

အထက(၃) စမ်းချောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားကျောင်းအုပ်ဆရာမကြီးများနှင့် အသက်(၅၅)နှစ်ပြည့် ဆရာ ဆရာမများအား မြတ်ဆရာပူဇော်ပွဲကို မတ်၂ရက် နံနက် ၉ နာရီတွင် အထက(၃) စမ်းချောင်း၌ ကျင်းပမည်ဖြစ်၍ ကြွရောက်ကြရန်နှင့် အလှူငွေများကို ဦးအောင်သိန်း ဖုန်း-၅၁၀၈၈၅၊ ဦးခင်ဝင်း ဖုန်း-၅၃၉၈၄၆၊ ဦးအေးသိန်း ဖုန်း-၅၀၄၈၀၈၊ ဆရာရွှေဇီဝ ဖုန်း- ၅၀၅၈၀၂၊ ဒေါ်သီသီရွှေ ဖုန်း-၅၁၀၆၄၆၊ ဒေါ်နှင်းဝေငြိမ်း ဖုန်း-၀၉-၉၀-၄၂၃၄၇နှင့် ဒေါ်ကြည်ကြည်ထွေး ဖုန်း-၀၉-၈၀-၂၁၃၂၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေး ညှိနှိုင်းစည်းဝေး ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော်များ လှူဒါန်းပူဇော်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌက ဦးဆောင်လျက် ဦးစီးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဂေါပကအဖွဲ့ဝင်များ၊ ပညာရှင်များက ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော်များ စနစ်တကျဆက်ကပ်လှူဒါန်းရေး၊ ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးရေးနှင့် စေတီတော်ကြီးကြံ့ခိုင်မှုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

လှူဒါန်းပူဇော်နိုင်

ရွှေတိဂုံစေတီတော်မြတ်ကြီးအား မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၁ရက် (မြန်မာနှစ်ဆန်း ၁ ရက်) ဖြစ်သည့် ဧပြီ ၁၇ရက်အထိ ရွှေစင်၊ ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။

ရွှေပြားသင်္ကန်းလှူဒါန်းသော အလှူရှင်များအတွက် စေတီတော်ကြီး၌ ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ် လှူဒါန်းနိုင်ရန်လည်းကောင်း၊ ရထားပျံဖြင့် တင်လှူပူဇော်နိုင်ရန်လည်းကောင်း စနစ်တကျစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းလုပ်ငန်းရပ်ကြီးကို မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)မတိုင်မီပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် လက်ပံချောင်းကျေးရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် လက်ပံချောင်းကျေးရွာ အလယ်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်နှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ ကလေးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကလေးမြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာစည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၇၀၀ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် သဘာပတိအဖြစ် ကလေးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းလှိုင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ကလေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးအောင်ခင်(ငြိမ်း)၊ ကလေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေစမ်း၊ ကလေးခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးနှင့် လက်ပံချောင်းကျေးရွာမှ ရပ်မိရပ်ဖ ဦးခွန်ဆွမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကလေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ စည်းရုံးရေးမှူး ဒေါ်အေးအေးစန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကလေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မာမာသင်းတို့က ဆောင်ရွက်ကြသည်။

နိုင်ငံတော်အလံအလေးပြု

ထို့နောက် အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။ယင်းနောက် ကလေးမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသားကျောင်းသူများက **'ရာသက်ပန်ပြည်ထောင်စု'**သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် သဘာပတိ ကလေးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းလှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ ကလေးမြို့နယ် ပင်လုံရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ချင်းတိုင်းရင်းသူဒေါ်မိမိစန်းက တင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ကလေးမြို့ မြို့မိမြို့ဖဦးကျော်ဝင်းက တင်ပြသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ကလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းအေးက ကလေးခရိုင်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို တင်ပြသည်။

ထောက်ခံဆွေးနွေး

ယင်းနောက် ကလေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးယုတင်ဝင်းက ကိုယ်စားလှယ်သုံးဦး တင်ပြချက်များအပေါ် ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ကလေးခရိုင်အတွင်းရှိ မြို့နယ်အသင်းများ၏ အသင်းဝင်အဆိုပြုလွှာအစောင် ၂၃၈၂၀ ကို လက်ပံချောင်းကျေးရွာ ရပ်မိရပ်ဖ ချင်းတိုင်းရင်းသား ဦးကမ်းမာက ပေးအပ်ရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်က လက်ခံရယူသည်။

ယင်းနောက် ကလေးခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အသင်းများက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများကို ခရိုင်အသင်း အရန်အလုပ်အမှုဆောင် ဦးဇော်မျိုးလှိုင်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးတင်ကိုထံသို့ လည်းကောင်း၊ ပညာရေးဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများကို ခရိုင်ပညာရေးမှူး ဦးရွှေသောင်းထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် သဘာပတိက ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ထောက်ခံခြင်းများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသောပြည်သူလူထုကသဘောတူညီကြောင်း ဆန္ဒပြုကြသည့်အတွက် အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူလေးများက **'ပြည်မြန်မာ'**သီချင်းဖြင့် ဂုဏ်ပြုသီဆိုပြီး အခမ်းအနားသို့တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြကာ အခမ်းအနားကို နံနက်၁၀နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၆-၂-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၁၅ ၇။ ဓိုက္ကရဲရေထိန်းတံခါး
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** (အပိုင်း-၉)
- ၁၂:၁၅ ၅။ ယူးချောင်းတံတား
- ၁၂:၂၅ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **"ရေပြင်ညီ"** ရန်အောင်၊ ခိုင်သင်းကြည်၊ သစ္စာဝင့်ထည်၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
- ၁၃:၃၅ ၇။ **"ကောင်းခြင်းဝေဖြာ"** ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စန်းဦး (ဒါရိုက်တာ-ကိုအောင်မိုး၊ ပဲရစ်)
- ၁၃:၄၅ ၈။ International News

ညပိုင်း

- ၁၄:၅၀ ၁။ ၂၀၀၅ခုနှစ် ရွှေရတုနှစ်(၅၀)မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ)
- ၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၅၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၀၅ ၄။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၁၇:၁၅ ၅။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၂၅ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၂၀ ၇။ အမျိုးသားညီလာခံဂုဏ်ပြုတေး
- ၁၈:၃၀ ၈။ ညနေခင်းသတင်း
- ၁၉:၀၀ ၉။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၅၂)
- ၁၉:၃၅ ၁၁။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်**
- ၁၂။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (တိုးတက်ဝေစည် ရှမ်းတို့ဌာနီ)**
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၁၆)

နေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်မှူးစန်းလှိုင်(ငြိမ်း)တပ်မတော်(ရေ)–ဒေါ်သန်းသန်းဝင်း
ဌာနခွဲမှူး(ငြိမ်း)၊မြန်မာ့အထည်အလိပ်လုပ်ငန်း၊အမှတ်(၁)စက်မှုဝန်ကြီးဌာန
တို့၏သား

မောင်ထွန်းမျိုးအောင်

B.E(Aero) Y.I.T, M.B.A (Part II) London University

နှင့်

ရန်ကုန်မြို့နေ (ဗိုလ်မှူးစိန်ငွေး BEME)–ဒေါ်ညိုညိုမြင့်
ညွှန်ကြားရေးမှူး(ငြိမ်း)၊အမျိုးသားစီမံကိန်းနှင့်စီးပွားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
တို့၏သမီး

ဒေါက်တာဥမ္မာညိုဋ္ဌေး

M.B.,B.S (Ygn)., M.R.C.P (Part II)
St.George's Hospital, London

တို့သည်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် ၁၄၆(G-H) ခေမာသီရိလမ်းနေအိမ်၌ ၅–၂–၂၀၀၅ရက်တွင် နှစ်ဖက်သော လူကြီးမိဘဆွေမျိုးများစုံရာရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
မောင်ထွန်းမျိုးအောင်–ဒေါက်တာဥမ္မာညိုဋ္ဌေး။

အထက(၆) ဗိုလ်တထောင်(စိန်ပေါလ်)

(၁၉၆၅–၁၉၈၀)သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့်
(၁၉၈၁–၂၀၀၄)သက်ပြည့် အငြိမ်းစား ဆရာ ဆရာမများ

မြတ်ဆရာပူဇော်ပွဲ

(၁၉၆၅–၁၉၈၀)ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာ ဆရာမများ၊ (၁၉၈၁–၂၀၀၄)ခုနှစ်အတွင်း သက်ပြည့်အငြိမ်းစားယူသွားသော ဆရာ ဆရာမများ၏ကျေးဇူးကို ဆပ်လိုသည့် တပည့်အပေါင်းက မြတ်ဆရာပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး ဆရာမကြီးများ အပူဇော်ခံကြွရောက်ပါရန်နှင့်ကျောင်းသားဟောင်းများ စုံစုံညီညီ တက်ရောက်ကြည်ညို ကန်တော့ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် – ၂–၃–၂၀၀၅(ဗုဒ္ဓဟူးနေ့) (တောင်သူလယ်သမားနေ့)
အချိန် – နံနက် ၉ နာရီ
နေရာ – အထက(၆)ဗိုလ်တထောင်(အောင်ဆန်းခန်းမ)

ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးမောင်မောင်အေး(မဟာတိုး)၊ ၈၁၅၊မဟာဗန္ဓုလလမ်း ၂၂၇၃၂၂
၂။ ဦးကျော်ဦးမြင့် ၁၁၇၊ တက္ကသိုလ်ရိပ်သာလမ်း ၅၁၄၃၀၈
၃။ ဦးကျော်ဝင်း(ရွှေသံလွင်) အောက်ပုဇွန်တောင်လမ်း ၂၀၀၃၁၀
၄။ ဦးနေမိုး(မိုးမြေနေလ)ကန်လမ်း ၅၂၇၁၀၂
၅။ ဦးကျော်ရင်(Tiger Black Head) ၆၉၀၂၈၉
၆။ ဦးသက်ချိုဦး(လစ်ဘရယ်အပ်ချုပ်ဆိုင်၊ ဗိုလ်ချုပ်ဈေး) ၂၄၆၄၇၀
၇။ ဦးဝင်းလှိုင်ညွန့်(လက်ရွေးစင် လက်ဖက်ရည်ဆိုင်) ၂၄၆၃၁၃
၈။ ဦးမြင့်ထွန်း(မဥ္ဇူပုံနှိပ်တိုက်)၂၄၄၊ လမ်း ၄၀ ၂၄၉၃၅၉
၉။ ဆရာမ ဒေါ်မြမြ ၂၉/၁၀၊ ကြို့ကုန်းရိပ်သာ ၆၆၃၅၁၉
၁၀။ ဆရာမ ဒေါ်ခင်တင့် ၆၈၃၆၀ လိုင်းခွဲ ၂၈၉
၁၁။ ဆရာမ ဒေါ်မေမေသင်း ၆၁၊ ဘုန်းကြီးလမ်း ၂၂၉၀၅၉
၁၂။ ဦးနေသူထွန်း ၁၉၁(ငါးလွှာ)၊ ဗိုလ်မြတ်ထွန်းလမ်း ၂၉၇၀၁၆
၁၃။ ဦးတေဇာအောင်လွင် ၅၀၊၄၃လမ်း၊ ဗိုလ်တထောင် ၂၉၆၆၃၅

အမည်မှန် အထက–၂၊ တာမွေ၊ အဋ္ဌမတန်း(A)မှ မောင်ဖြိုးသက်နိုင် ၁၂/တမန(နိုင်)၁၁၃၃၀၀ကို ယနေ့မှစ၍ မောင်ဇော်ဝဏ္ဏထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇော်ဝဏ္ဏထွန်း။**

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၅ ခုနှစ် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅) ဖြင့် သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသော **"ဒေါက်တာမိုးတင်"** အတွက် လှိုက်လှဲစွာ ဝမ်းမြောက် ဂုဏ်ယူပါသည်။

TTC ဆရာ/ဆရာမများနှင့်
ကျောင်းသား/သူဟောင်းများ
(၁၉၈၁–၈၂)

မွေးနေ့ဆုတောင်း

ဦးထိန်ဝင်း(ဥက္ကဋ္ဌ၊မြစ်မခကုမ္ပဏီများအုပ်စု)

ဖေဖော်ဝါရီလ ၆ရက်နေ့တွင်ကျရောက်သော အန်ကယ်ဦးထိန်ဝင်း၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် နိုင်ငံတော်နှင့် လောကီလောကုတ္တရာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် အသက်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မာတဘင်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်။

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၅ ခုနှစ်
(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)ဖြင့်
သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်
ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုလောမြို့နယ်၊ ပြင်ဘုကြီးကျေးရွာ၊
(၅•၄မိုင်)ရှည်လျားသော ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းမကြီးဖောက်လုပ်ရေးတွင်
အင်တိုက်အားတိုက် ပါဝင်လှူဒါန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့သော
သုဓမ္မမဏိဇောတဓရ ဦးမောင်လှ {ကျောက်ကာကျေးရွာ၊ ပုလောမြို့နယ်}
အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။
ဆက်လက်၍ တိုင်းပြည်နှင့်လူမျိုးအကျိုး၊ သာသနာအကျိုး၊ ပုလောမြို့နယ်၏အကျိုးကို
ဆတက်ထမ်းပိုးကိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

ပြင်ဘုကြီးကျေးရွာ ကွန်ကရစ်လမ်းဖောက်လုပ်ရေးကော်မတီ

ဦးဘမြင့်(ရန်ကုန်)	ဦးအောင်ရှိန်(မြိတ်)	ဦးတိုး(ထားဝယ်)	ဦးအောင်သိန်း(ပြင်ဘုကြီး)
ဦးကြီးညွန့်(ရန်ကုန်)	ဦးဟင်ခွမ်(မြိတ်)	ဦးစိုးကြွက်(ထားဝယ်)	ဦးကျော်ဝင်း(ပြင်ဘုကြီး)
ဦးအောင်ဝင်း(ရန်ကုန်)	ဦးအောင်နိုင်(မြိတ်)	ဦးစိုးနီ(ပုလော)	ဦးလှမိုး(ပြင်ဘုကြီး)
ဦးအောင်တိတ်(ရန်ကုန်)	ဦးဝင်းမြင့်(မြိတ်)	ဦးမြည်စိုး(ပုလော)	ဦးကျော်မြင့်(ပြင်ဘုကြီး)

မွေးနေ့ဆုတောင်း

ဦးထိန်ဝင်း(ဥက္ကဋ္ဌ၊မြစ်မခကုမ္ပဏီများအုပ်စု)

ဦးကြီး၏ ၆–၂–၂၀၀၅ရက်တွင်ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် မိသားစုနှင့်အတူ သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်တူ၊တူမများ
မောင်ဝင်းအောင်မြင့်–မဇာနည်ကို(ခေတ္တ–စင်ကာပူ)၊ ဒေါက်တာဇင်မောင်လွန်း–ဒေါက်တာဇာခြည်ကို၊
မောင်ဝင်းမြင့်ဦး၊ မခင်ဝင်းသက်၊ မသက်ရီလှိုင် (ခေတ္တ–စင်ကာပူ)၊
မနိုင်ကြည်ဦး၊ မောင်ထက်အောင်၊ မောင်ဖြိုးမင်းအောင်။

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင်မှတ်ပုံတင်ထားသော **သုခစုစံ** ကုမ္ပဏီ၏စီစဉ်ဆောင်ရွက်မှုဖြင့် **စင်ကာပူနိုင်ငံ သင်္ဘောကျင်း** တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော မြန်မာနိုင်ငံသား အထွေထွေလုပ်သား(အမျိုးသား)များအလိုရှိပါသည်။

(က) သင်္ဘောကျင်းလုပ်သား ၃၀ဦး အသက်(၂၀ မှ ၄၀)နှစ်
ပညာအရည်အချင်း (၉)တန်းအောင်၊ အခြေခံလစာ တစ်ရက် S$ 20၊ ဝန်ဆောင်ခ S$ 2300 နှင့်ညီမျှသော မြန်မာကျပ်ငွေ။

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့်မန္တလေးတိုင်းအတွင်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်နှင့်တိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင် ၂၅–၂–၂၀၀၅ရက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများနှင့်

သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ

အမှတ်(၁၀၇)၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတား၊ ရန်ကုန်မြို့တွင်

ပိတ်ရက်မရှိ စုံစမ်းနိုင်ပါသည်။ ဖုန်း–၀၁–၂၅၃၉၅၆။

ငွေပဒေသာပင်အလှူရှင်စုပေါင်းရေစက်ချ

ရန်ကုန် ဖေဖော်ဝါရီ ၅

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏(၂၅)ကြိမ်မြောက် ငွေပဒေသာပင် အလှူရှင်များ စုပေါင်းရေစက်ချပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခမ္မာရုံ၌ကျင်းပသည်။

ရှေးဦးစွာ ဆည့်ပရိသတ်တို့က ဘဒ္ဒန္တသောဘဏ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အင်အားပြင်းထန် မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၅ရက် ယနေ့ မြန်မာစံတော်ချိန် ၁၈နာရီ ၅၉မိနစ် စက္ကန့် ၃၀အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ အရှေ့တောင်ဘက် ၁၈၅၀မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ဒသမ၁အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပျဉ်းမနားနှင့်လယ်ဝေးမြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများ နယ်စပ်စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

ပျဉ်းမနား ဖေဖော်ဝါရီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော ဆင်ရတနာရုပ်တုအနီး ရန်ကုန်–မန္တလေးကားလမ်း လမ်းဘေးပလက်ဖောင်း ကျောက်စီနံရံလုပ်ငန်းနှင့် ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်သော လုပ်ငန်းခွင်သို့ရောက်ရှိလာရာ အမှုဆောင်အရာရှိ ဦးကျော်ဖေယျနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်း အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ရေး မှာကြားသည်။ (ဝဲပုံ)

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြင်းရတနာရုပ်တု အနီး ဗိုလ်တောက်ထိန်လမ်းနှင့် စည်ပင်ရုံးလမ်းဆုံ ကတ္တရာ ထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကတ္တရာများ အလေအလွင့်မရှိစေရေး၊ လမ်းဘေးရေမြောင်းများ တူးဖော်ထားရှိရေးတို့ကို အလေးထား ဆောင်ရွက်ရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ငလိုက်ချောင်း မြေထိန်းနံရံလုပ်ငန်း၊ မြေထိန်းနံရံထိပ် သံပန်းလက်ရန်း လုပ်ငန်းနှင့် ရေမြောင်းပလက်ဖောင်းများ ဆောင်ရွက်သော လုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းများ အချိန်မီ ပြီးစီးရေး၊ အသုံးစရိတ်များ အလေအလွင့်မရှိစေရေး တို့ကို မှာကြားပြီး ပျဉ်းမနား မြို့မဈေးကြီး ကားရပ်နား သည့်နေရာရှိ အဖွဲ့ရုံးပျိုးဥယျာဉ်တို့အား ကြည့်ရှုစစ်ဆေး သည်။

လမ်းပခုံးသားများဖြည့်တင်း

ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့မှတစ်ဆင့်လယ်ဝေး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော အရှည်ပေ ၂၈၀၀၊ အကျယ် ၁၂ ပေရှိ ခရမ်းကိုင်း–မကျည်း ကုန်းကျေးလက်လမ်း ကျောက်ခင်းနေမှု လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ဒုတိယဝန်ကြီးကို အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ ရှင်းလင်းတင်ပြရာ ဒုတိယ ဝန်ကြီးက ကျောက်များခင်းခြင်းနှင့်ပတ်သက်၍ စနစ်တကျ ခင်းရန်နှင့် လမ်းပြီးပါက လမ်းပခုံးသားများ ဖြည့်တင်း ဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချောက်မြို့နယ်တွင် ကျေးလက်စာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေး ရှင်းလင်းဆွေးနွေး

ချောက် ဇန်နဝါရီ ၃၁

ချောက်မြို့နယ် သွေးနက်ကျေးရွာ အနန္တရောင်ခြည်ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်နံနက် ၉ နာရီက သွေးနက်ကျေးရွာ ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌ ဦးသီဟ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ချစ်ဆွေနှင့် အနန္တရောင်ခြည်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်တို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ရှင်းလင်းဆွေးနွေး

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးတို့က အမှာစကားများ ပြောကြားကြပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သန်းက စာကြည့်တိုက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး ရှင်းလင်းဆွေးနွေး သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟနှင့် မိသားစုက ဂျာနယ်မျိုးစုံ ၂၅ အုပ်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ် ၅၀၊ ကျေးရွာပြည်သူများက လှူဒါန်းသည့် စာအုပ် ၄၈၀ နှင့် မန္တလေးမြို့နေ ဦးထွန်းဦး–ဒေါ်ညွန့်ညွန့်နွယ် (ရွှေရတနာဆီစက်)က လှူဒါန်းသည့်စာအုပ် ၂၄၀ တို့ကိုပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်က လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ်တွင် လမ်းများကတ္တရာခင်း

ပျော်ဘွယ် ဖေဖော်ဝါရီ ၂

စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ် စည်ပင် သာယာရေးအဖွဲ့များသည် မြို့ပြ စည်ပင်သာယာရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက် လျက်ရှိရာ ပျော်ဘွယ်မြို့နယ် စည်ပင် သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဈေး အတွင်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်း အရှည် ၃၅၅ ပေ၊ အကျယ် ၁၂ ပေ၊ နိဗ္ဗာန်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်း အရှည် ၁၂၂၅ ပေ၊ အကျယ် ၁၂ ပေနှင့် ပြည်သာယာ ၉ လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အရှည်ပေ ၂၁၅၀၊ အကျယ် ၁၂ ပေ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပညာရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ဖျာပုံ ဇန်နဝါရီ ၃၁

ဖျာပုံခရိုင် အမာမြို့ဆိပ်မကျေးရွာ အုပ်စု ရိုးကုန်းကျေးရွာ ပညာရတနာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက် ရှေ့၌ကျင်းပရာ ဖျာပုံခရိုင် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးကြူနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးသန်းထိုက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးအေးကြူ၊ မြို့နယ်ဦးစီးမှူး ဦးစန်း ဝင်းတို့က စာကြည့်တိုက်များ ရေရှည် တည်တံ့ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး ရှင်းလင်းဟောပြောကြ ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

သုံးခွမြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

သုံးခွ ဖေဖော်ဝါရီ ၃

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွ မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့် တိုက်များအတွက် သုံးခွမြို့နယ် အသင်း(ရန်ကုန်)မှ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က သုံးခွမြို့နယ်အသင်းဝင် ဦးဝင်းကျော် ၏ နေအိမ်၌ ကျင်းပသည်။

အခမ်းအနားတွင် သုံးခွမြို့နယ် အသင်း(ရန်ကုန်)မှ ကျပ်တစ်သိန်းကျော် တန်ဖိုးရှိ သုတ၊ရသစာအုပ်မျိုးစုံ ၁၀၁၆ အုပ်ကို အသင်းဒုတိယဥက္ကဋ္ဌ ဦးစော လှိုင်က ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ယာပုံ) (မြို့နယ် ပြန်/ဆက်)**

ကော့သောင်းမြို့နယ် မြရည်ပုလဲလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ကော့သောင်း ဖေဖော်ဝါရီ ၁

စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ် စည်ပင် သာယာရေးအဖွဲ့များသည် မြို့ပြ စည်ပင်သာယာရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက် လျက်ရှိရာ တနင်္သာရီတိုင်း ကော့သောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြရည်ပုလဲလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ သည်။ အဆိုပါလမ်းသည် အရှည်ပေ ၃၃၆၀၊ အကျယ် ၁၈ ပေရှိကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာ ရေးနှစ်တွင် ဆူးဘိုကုန်းရပ်ကွက်ရှိ အရှည် ၃ ဒသမ ၄၆ ဖာလုံ မြို့ပြ ကျောက်ချောလမ်းဖွင့်ပွဲကို ဒီဇင် ဘာ ၃၁ ရက်က အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိုး နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

မိမိရဲ့ လုပ်ငန်းအဆင့်အတန်းကို မြှင့်တင်ပြီး ဘဝလုပ်သာယာစိုပြည်လိုသူများအတွက်

ဦးကံညွန့်မောင်

အင်္ဂလိပ်သဒ္ဒါနှင့်စကားပြောသင်တန်း

အမှတ် ၁၈၀ (ပထမထပ်)၊ ၃၈ လမ်း၊ (အလယ်)၊ ရန်ကုန်မြို့၊

Members Entertainment

Kandawgyi Palace

အမည်ပြောင်း

ဦးစိုးဝင်းမောင်၏သား အထက (၁) ဒဂုံဒုတိယတန်း(D)မှ မောင်ဟိဏ်းထက်အား မောင်ထူးဇော်ဟန်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထူးဇော်ဟန်။

အမည်ပြောင်း

အဖ ဦးစိန်တိုး၏ သမီးဖြစ်သူ မနှင်းအိဝေ ၁၄/ကကန (နိုင်) ၀၇၈၀၅၉အား ယနေ့မှ စ၍ မဇင်မာဟု ပြောင်းလဲခေါ်ပါရန်။

မဇင်မာ။

MCC 2005

Computer Technology

Office XP

Internet

3 IN ONE

ICT FOUNDATION COURSE

ONE FOR 3

အများသိစေရန်ကြေညာချက်

[illegible]

ယခုအပတ် မြန်မာဇာတ်ကားသစ် ရုံမဝင်

King Arthur ဇာတ်ကား နေပြည်တော်ရုံဝင်လာ

ရုပ်ရှင် သတင်း ထောက်

ရန်ကုန် ဖေဖော်ဝါရီ ၅

ယခု အပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ ပြသဆဲ မြန်မာဇာတ်ကားများ ဆက်လက်ပြသနေသည်။

ဒါရိုက်တာ မီးပွားရိုက်ကူးပြီး လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ညွှန့်ဝင်း၊ မေသန်းနု၊ မင်းဟိဏ်းတို့ ပါဝင်သရုပ်ဆောင်ထားသော **တစ်ခါက ရောဝတီ ညများ** ဇာတ်ကား သမ္မတနှင့် သွင်အဆင့်မြင့်ရုံများတွင် ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိသည်။ ကိုလိုနီနယ်ချဲ့ခေတ်ကို အခြေခံ ရိုက်ကူးထားသော နယ်ချဲ့တော်လှန်ရေး ဇာတ်ကား ဖြစ်သည်။

King Arthur ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Antoine Fuqua ရိုက်ကူးပြီး Clive Owen, Keira Knightley တို့ ပါဝင်သရုပ်ဆောင်ထားသော King Arthur ဇာတ်ကားရုံဝင်လာသည်။

အာသာသည် ရောမမြို့မှ စစ်သူကြီးတစ်ဦး ဖြစ်ပြီး ဆာမေးရှန်း လူမျိုးစု သူရဲကောင်းများနှင့် အတူ ဗြိတိန်နိုင်ငံ တည်ငြိမ် အေးချမ်းရေးအတွက် သောင်းကျန်းသူများကို ၁၅ နှစ်လုံးလုံး နှိမ်နင်းပြီးနောက် အနားယူရန် တပ်ရင်းသို့ ပြန်လာခဲ့သည်။ တပ်ရင်းသို့ ပြန်ရောက်သောအခါ ခရစ်ယာန်ဂိုဏ်းအုပ် ဘုန်းတော်ကြီး ဂျားမနပ်(စ်)က အင်္ဂလန်နိုင်ငံ မြောက်ပိုင်းတွင် ဆက်ဖွန်သူပုန်များ၏ အန္တရာယ်နှင့်ရင်ဆိုင်နေရသော ရောမမြို့သား မူးမျိုးမတ်မျိုး မာရီယိုမိသားစုကို ကယ်တင်ရန် တာဝန်ပေးခြင်းခံရသည်။ စစ်သူကြီး အာသာနှင့် သူ့ရဲကောင်းများ အင်္ဂလန်နိုင်ငံ မြောက်ပိုင်းတွင် ဆက်ဖွန်သူပုန်များလက်မှ မာရီယိုမိသားစုကို ရွပ်ရွပ်ချွံချွံကယ်တင်ပုံ ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားဖြစ်သည်။

‘ငိုအားထက် ရယ်အားသန်’ ဇာတ်ကားမှ မင်းဟိဏ်းနှင့် အိန္ဒြာကျော်ဇင်။

မင်္ဂလာအဆင့်မြင့်ရုံတွင် Anacondas ဇာတ်ကားပြသနေပြီး ရွှေဆောင် ရုံတွင် ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင် ရိုက်ကူးပြီး ကျော်ရဲအောင်၊ဒွေး၊ မင်းဟိဏ်း၊ အိန္ဒြာကျော်ဇင်၊ နဝရတ်တို့ခေါင်းဆောင်ပါဝင်သော **အချစ်ရဲ့ နယ်စပ် အမုန်းရဲ့ မြို့ရိုး** ဇာတ်ကား ပြသနေသည်။

မြို့မအဆင့်မြင့်ရုံတွင် Akshay Kumarနှင့် Karishma Kapoor တို့ခေါင်းဆောင်ပါဝင်သော Jaanwar ဇာတ်ကား ရုံဝင်လာသည်။

ရွှေဂုန်ရုံတွင် ရုံတစ်ရုံတည်းတွင် အပေါ်ထပ်နှင့် အောက်ထပ်ကိုခွဲ၍ ဇာတ်ကားနှစ်ကားပြသလျက်ရှိသည်။ ရွှေဂုန်ရုံ အပေါ်ထပ်တွင် Sanjay Duttနှင့် Jackie Shroff တို့ ပါဝင်သရုပ်ဆောင်ထားသော Jung ဇာတ်ကားပြသနေပြီးအောက်ထပ်တွင် ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင် ရိုက်ကူးပြီး ရာဇာနေဝင်းနှင့် ခိုင်သင်းကြည်တို့ ပါဝင်သရုပ်ဆောင်ထားသော **အမုန်းပြိုင်ပွဲ** ပြသနေသည်။

Jungဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

နဝဒေးရုပ်ရှင် ဥယျာဉ်တွင် ကျော်သူ၊ နေထက်လင်း၊ ထွန်းအိန္ဒြာဗို၊ ဂန္ဓဝင်တို့ ပါဝင်သရုပ်ဆောင်ထားသော **ဆားပုလင်းမင်းအောင်နှင့် နေမင်း၏ သမီးတော်** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကား ပြသနေသည်။ ။ **(မြန်မာ့အလင်း)**

ငိုအားထက်ရယ်အားသန်ဇာတ်ကား မကြာမီ ရုံဝင်လာမည်

ကျော်မင်းဦး၏ ဝတ္ထုကို ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးပြီး လွင်မိုး၊ ဇာဂနာ၊ မင်းဟိဏ်း၊ သျှားညို၊ အိန္ဒြာကျော်ဇင်နှင့် မေသဥ္ဇာဦးတို့ ပါဝင်သရုပ်ဆောင်ထားသော **ငိုအားထက် ရယ်အားသန်** ဇာတ်ကား မကြာမီရုံဝင်လာမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

တိုင်းပြည်အတွက်အကျိုးပြုသည့် ဤတံတားကြီးမျိုး အစိုးရအနေဖြင့် တည်ဆောက်ပေးချင်သည်မှာ နှစ်ကာလကြာခဲ့ပြီ

ရှေ့ဖုံးမှ

မွန်ပြည်နယ်မြို့တော် မော်လမြိုင်မြို့နှင့် မုတ္တမဘက်ကမ်းကိုဆက်သွယ်ထားသည့် သံလွင်တံတား(မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် မော်လမြိုင်ဘက်ကမ်းရှိ တံတားကြီးအနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင်တက်ရောက်အားပေးချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုအား နှုတ်ခွန်းဆက်စကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

သံလွင်တံတား(မော်လမြိုင်)

ရထားလမ်းနှင့်ကားလမ်း ယှဉ်လျက်ရှိပြီး မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့်အကြီးဆုံးဖြစ်သော ၁၁၅၇၅ ပေ ရှည်သည့် သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

ရခိုင်ပြည်နယ်၌ လမ်းအသွယ်သွယ် ဖောက်၍ တံတားအစင်းစင်းခင်းပေးနေချိန်နှင့် တစ်ပြိုင်တည်းမှာပင် သံတွဲမြို့နယ်၌ မဂ္ဂါဝပ် ၁၀၀ ထုတ်ယူရရှိနိုင်မည့် သူ့ဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် အမ်းမြို့နယ်၌ ၁၅မဂ္ဂါဝပ် ထုတ်ယူရရှိမည့် အမ်းချောင်း ရေအားလျှပ်စစ် စီမံကိန်းတို့ကို စတင်ဖော်ဆောင်ပေးနေသည်။

သီဟအောင်၏ ဆောင်းပါး(စာ-၈၊၁၀)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

6-2 (20).p65 20 3/24/05, 7:07 PM